ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃ရဂ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက် ၊ စနေနေ့ ၊ (11-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၄)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်းမဟာမဂ်လာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်းမဟာမဂ်လာအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ–ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမဂ်လာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး Controller အသုံးပြု၍ ကွန်ကရစ်လောင်း တံတားဆက်ခြင်းအား ဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၁ ရက်

အယ်ဒီတာ့အာဘော်

စည်းလုံးညီညွတ်မှုကိုဖော်ဆောင်၍ ယဉ်ကျေးမှုကိုမျှဝေ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာများရှိကြသည်။ မိမိတို့နိုင်ငံတွင်လည်း ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းလျက်ရှိရာ ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များနည်းတူ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို (၁) မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ (၂) ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ (၃) မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ (၄) နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက် ၄ ရပ်ချမှတ်ကာ ကျင်းပဖော်ဆောင်ခြင်းဖြစ်သည်။

"ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှုအနုပညာအသီးသီးကို နှီးနှောဖလှယ်မျှဝေနိုင်မှု စသည့်အကျိုးရလဒ်များမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်းဖြစ်ကြောင်း" ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မျှားကြီးမင်းအောင်လှိုင်က အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပပြုလုပ်သော ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာများသည်မြန်မာတို့၏ အမျိုးသားရေးအမွေအနှစ်များဖြစ်ပြီး ထိုအမွေအနှစ်များကို ထိန်းသိမ်းမြတ်နိုးခြင်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းလာနိုင်သည်။ မိမိတို့နိုင်ငံတွင် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် တိုင်းရင်းသားအသီးသီး၏ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမပညာရပ်များသည် ခေတ်အဆက်ဆက် ခမ်းနားစွာတည်ရှိခဲ့သည်။ အဆိုပါတည်ရှိခဲ့သည့် စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အစဉ်အလာများကို လျှောနည်းပယောက်ခြင်းမရှိစေရန် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေးအတွက် ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ရင်း ပြည်ထောင်စုသွေးချင်းများအချင်းချင်း စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်သည်သာမက ယဉ်ကျေးမှုအမွေအနှစ်ကိုပါ မျှဝေပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၄၉၅ ဧက စိုက်ပျိုးမည်

ကန့်ဘလူ အောက်တိုဘာ ၁၀

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၄၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဧက ၁၀၄၄၀ နှင့် ကျွန်းလှမြို့နယ်တွင် ၅၂၅၅ ဧက စုစုပေါင်း ၁၅၄၉၅ ဧကတို့ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ပဲမျိုးစုံ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ဖို့နဲ့ စားနပ်ရိက္ခာ ဖူလုံစေဖို့အတွက် စားတော်ပဲ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်" ဟု ကန့်ဘလူခရိုင် စိုက် ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် စားတော်ပဲသီးနှံ စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့် အပြင်ပိုလျှံမှုကို ရောင်းချနိုင်မည် ဖြစ်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၇၈ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည်ပါဝင်မည်ဖြစ်သည်။
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-ဂ) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာမဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြားရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

မဟာသက္ကမာရဇိန် ကျောက်တော်ကြီးဘုရား ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

မန္တလေး အောက်တိုဘာ ၁၀

မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင်ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသက္ကမာရဇိန် ကျောက်တော်ကြီးဘုရား၏ ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ အခမ်းအနားကို အောင်မြေသာစံ မြို့နယ်ရှိ မဟာသက္ကမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား အာရုံခံ တန်ဆောင်းကြီးအတွင်း အောက်တိုဘာ ၉ ရက်နံနက်ပိုင်းက ကျင်းပရာ မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော်အပေါင်း ၂၅၆၉ ပါး၊ သီလရှင် ၂၅၆၉ ပါး တို့ကို ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကဌဂ္ဂဒ္ဓအဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဒေါက်တာ ဦးကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုလောင်းလှူခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသက္ကမာရဇိန်ကျောက်တော်ကြီးဘုရားကို ဖူးမြော်ကြည်ညိုရှိ၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ပြီး အလှူရှင်များနှင့်အတူ ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အလှူရှင်များ ဆက်ကပ်လောင်းလှူနေမှုကို လှည့်လည်ကြည့်ရှုပြီး ရေစက်သွန်းချ မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၄၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံတော)ခေတ်မီစျေးသစ်ကြီး မကြာမီဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး အောက်တိုဘာ ၁၀

ပြင်ဦးလွင်မြို့ သုမင်္ဂလာ(ညံတော)ခြောက်ထပ်အဆင့်မြင့် စျေးသစ်ကြီး ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံတော) ခေတ်မီစျေးသစ်ကြီးကို မကြာမီ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းများ ချောမွေ့စွာဖြင့် အမြန်ဆုံးပြီးစီးရန် အခက်အခဲများ ရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြ သွားရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေ ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများ အပေါ်အချိန်မီပြီးစီးရေး၊ ဆိုင်ခန်းများ စနစ်တကျနေရာချထားရေး၊ ဖွင့်ပွဲအခမ်းအနား ဆောင်ရွက်နိုင်ရေးဆွေးနွေးပြောကြားပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ဆွေးနွေးချက်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၂ ဘီလမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြားနေ ဦးစောအောင်မင်း-ဒေါ်ဝင်းဝင်းရွှေ မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၉၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပုသိမ်ကြီး အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြေးကြပ်မှု ကော်မတီဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံး မှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၂၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြူဝန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၂၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၉၈၇၅ ဧက စိုက်ပျိုးမည်

စစ်ကိုင်း အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၉၈၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၃၅၃၀၊ မြင်းမူမြို့နယ်တွင် ၄၈၈၅ ဧက၊ မြောင်မြို့နယ်တွင် ဧက ၁၄၆၀ စုစုပေါင်း ၉၈၇၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲကြီး ၉၈၇၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပဲကြီးစိုက်ပျိုးမှု အနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဒေးဒရဲမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ သြဂုတ်လအတွင်းက ကင်းမွန်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကင်းမွန်များကို ပြည်တွင်းစျေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ရန်ကုန်စျေးကွက်ထဲ ကင်းမွန်တွေပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ အတွင်း ကင်းမွန်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်တွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေလာပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ကင်းမွန် အပါအဝင် အခြားရေထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကင်းမွန်များကို ရန်ကုန်စျေးကွက်အပြင် အခြားဒေသများသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကင်းမွန် တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်မှ ကင်းမွန်များ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အင့ှားလိုက်သူများ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဆေးဖက်ဝင် ဒန့်သလွန်ရွက်

ဒေါက်တာလပြည့်ခင်

ဒန့်သလွန်ရွက်ကို မြန်မာလူမျိုးများက ချက်ပြုတ်စားသောက်လေ့ရှိကြသည်။ ဒန့်သလွန်အသီးနုများကို ဟင်းချက်စားသကဲ့သို့ ဒန့်သလွန်သီးအစေ့မှဆီထုတ်ယူပြီး စားသုံးဆီနှင့်စက်သုံးဆီအဖြစ် အသုံးပြုကြသည်။ ဒန့်သလွန်အပွင့်များကိုလည်း ချက်ပြုတ်စားကြသကဲ့သို့ ဒန့်သလွန်ရွက်ကို ကြော်၍ဖြစ်စေ၊ ဟင်းခါးရည်ချက်၍ဖြစ်စေ ချက်ပြုတ်စားကြသည်။ ဒန့်သလွန်ပင် တစ်ပင်လုံးသည် လွင့်ပစ်စရာမရှိအောင် အဖိုးတန်လှပြီး ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဆေးဖက်ဝင်အပင်အဖြစ် ယနေ့ထက်တိုင် အကျိုးပြုနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် သွေးတိုးရောဂါရှင်များအတွက် ဒန့်သလွန်ရွက်ဟင်းရည်ကို ချက်ပြုတ်ကျွေးကြပြီး အခြားနိုင်ငံများတွင် အရွက်ခြောက်ကို အမှုန့်ပြုလုပ်ပြီး ဟင်းရည်များတွင်ထည့်ကာ ချက်ပြုတ်လေ့ရှိကြသည်။ အခေါက်၊ အမြစ်၊ အရွက်၊ အသီးနှင့်အပွင့် ပဉ္စင်းပါးလုံးအသုံးဝင်သော ဒန့်သလွန်ပင်တွင် ဒန့်သလွန်ရွက်၏ ဆေးဖက်ဝင် အကျိုးရှိပုံအမျိုးမျိုးကို တင်ပြလိုက်ရသည်။

ဒန့်သလွန်ရွက်တွင်ပါဝင်သော အာဟာရနှင့် သတ္တုဓာတ်များ

ဒန့်သလွန်ရွက်တွင် ပရိုတင်း၊ အာဟာရဓာတ်ကြွယ်ဝစွာပါဝင်ပြီး ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင် A၊ ဗီတာမင် B1 (Thiamin)၊ ဗီတာမင် B2 (Riboflavin)၊ ဗီတာမင် B3 (Niacin)၊ ဗီတာမင် B–6၊ ဖောလိတ် (Folate) နှင့် ဗီတာမင် C (Ascorbic Acid) တို့ ကြွယ်ဝစွာ ပါဝင်နေသည်။ ဒန့်သလွန်ရွက်တွင် ခန္ဓာကိုယ်၏ ဖွဲ့စည်းမှုနှင့် ပရိုတင်းများဖြစ်ပေါ်မှုအတွက် အသုံးဝင်သည့် အမိုင်နိုအက်စစ် (Amino Acid) ၁၈ မျိုးပါဝင်ပြီး အဆိုပါအက်စစ်များက ကိုယ်ခန္ဓာ၏ လုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်စေရန်အတွက် အထောက်အကူပြုပေးသည်။ ဒန့်သလွန်ရွက်တွင် အဆီပါဝင်မှုအရမ်းနည်းသကဲ့သို့ အန္တရာယ်ရှိသည့်ကိုလက်စထရောများလည်း မပါဝင်ပေ။ ဒန့်သလွန်ရွက်တွင် မှိုပိုးများကိုသေစေနိုင်သည့်အာနိသင်ရှိသကဲ့သို့ ရောဂါပိုးများကိုလည်း တိုက်ဖျက်နိုင်သည့်အစွမ်းရှိပြီး ရောင်ရမ်းမှုကို လျော့ပါးစေနိုင်စွမ်းလည်းရှိသည်။

ရောင်ရမ်းမှုမဖြစ်ပွားအောင် လုပ်ဆောင်ပေးနိုင်ခြင်း

ဒန့်သလွန်ရွက်တွင် သံဓာတ်၊ ရောင်ရမ်းမှုကို လျော့ကျစေသည့် အာနိသင်နှင့်ရောဂါပိုးများကို သေစေနိုင်သည့် အစွမ်းသတ္တိများပါဝင်သည်။ ဒန့်သလွန်ရွက်က အနာများ၊ အပူလောင်ခြင်းနှင့် ပြတ်ရှဒဏ်ရာများကဲ့သို့ အသေးစားဒဏ်ရာများကို သက်သာစေနိုင်ပြီး အနာကျက်လည်းမြန်စေသည်။ ဒန့်သလွန်ရွက်များကို ဦးခေါင်းဒဏ်ရာများ ခွဲစိတ်ပြီးနောက် သောက်ပေးခြင်းဖြင့် အနာကျက်မြန်စေကြောင်း သိရှိရသည်။

နို့တိုက်မိခင်များ နို့ထွက်ကောင်းစေခြင်း

နို့တိုက်မိခင်များတွင် နို့ထွက်ကောင်းစေရန်အတွက် ဒန့်သလွန်ရွက်စားသုံးပေးခြင်းကို ရှေးယခင်ကာလများကတည်းက အသုံးပြုခဲ့ကြသည်။ ဒန့်သလွန်ရွက်က နို့တိုက်မိခင်များတွင် နို့ထွက်ကောင်းအောင် အထောက်အကူပေးသည်။ ဒန့်သလွန်ရွက်ကို ဆားနှင့်ပြုတ်ပြီး ရေစစ်ကာ ထောပတ်နှင့်ကြိတ်စားပေးခြင်းဖြင့် နို့ထွက်ကောင်းစေနိုင်ပြီး ဟင်းရည်ချက်ပြီးသောက်ပေးခြင်းဖြင့် ပိုးသေစေသည့်အကျိုးကို ရရှိနိုင်သည်။

ကိုလက်စထရောကျစေခြင်း

ဒန့်သလွန်ရွက်တွင် အဆီများကို လောင်ကျွမ်းစေပြီး ခန္ဓာကိုယ်ကို ကျစ်လျစ်သွယ်လျစေသည့် အစွမ်းရှိသောကြောင့် ဒန့်သလွန်ရွက်က ကိုယ်ခန္ဓာကို ကျစ်လျစ်သွယ်လျစေသကဲ့သို့ အားအင်ပြည့်စေသည်။ ဒန့်သလွန်ရွက်သည် သရေစာများစားချင်စိတ်ကို ဖျောက်ဖျက်ပေးပြီး ကျန်းမာတက်ကြွသည့် ဘဝနေထိုင်မှုတစ်ရပ်ဖန်တီးရန်အတွက် အသုံးပြုနိုင်သည့် သဘာဝဆေးနည်းကောင်းတစ်ခုဖြစ်သည်။ ကိုလက်စထရောပမာဏနည်းခြင်းသည် နှလုံးရောဂါ ခံစားရနိုင်ခြေကို လျှော့ချပေးသကဲ့သို့ အခြားနှလုံးသွေးကြောရောဂါများ ခံစားရနိုင်ခြေကို လျှော့ချရာတွင်လည်း အထောက်အကူပြုသည်။

ဆီးများခြင်းကို ကာကွယ်ပေးနိုင်ခြင်း

ဒန့်သလွန်ရွက်ကြိတ်ရည်ကို သခွားသီးသို့မဟုတ် မုန်လာဥဖျော်ရည်နှင့်ရော၍ တစ်နေ့ သုံး၊ လေးကြိမ် ခန့် သောက်ပေးခြင်းဖြင့် ဖက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကို ဖယ်ရှားပေးပြီး ဆီးတွင်းမှ အက်စစ်ဓာတ်ကိုကျစေကာ ဆီးနည်းခြင်း၊ ဆီးပူခြင်းတို့ကို သက်သာစေနိုင်သည်။ အရွက်ကြိတ်ရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ဆား ၁၀ ဂရမ်ရောပြီး တစ်နေ့တစ်ကြိမ်သောက်ပေးခြင်းဖြင့် ဆီးအလွန်များခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။ ဒန့်သလွန်ရွက်ကြိတ်ရည်ကို နို့နှင့်ရောစပ်ပြီး တိုက်နိုင်သည်။

ဆီးချိုထိန်းချုပ်ပေးခြင်း

ဒန့်သလွန်ရွက်သည် သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်သည့် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သောကြောင့် ဆီးချိုရောဂါကို ထိန်းချုပ်ပေးခြင်းဖြစ်သည်။ ဒန့်သလွန်ရွက်က အချိုဓာတ်မပါဘဲ ခန္ဓာကိုယ်အတွက် စွမ်းအင်များ ပံ့ပိုးပေးသည်။

ကိုယ်အလေးချိန်ကို ကျဆင်းစေခြင်း

ဒန့်သလွန်ရွက်တွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) က ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သလို အသက်အရွယ်အိုမင်းမှုဖြစ်စဉ်ကိုလည်း နှေးကွေးစေသည်။ ဒန့်သလွန်ရွက်တွင် အရေပြားကို အားဖြည့်ပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအမျိုး ၃၀ ခန့် ပါဝင်သည်။ နေ့စဉ်စားသုံးနေသည့်အစားအသောက်များထဲတွင် ဒန့်သလွန်ရွက်ကို ထည့်သွင်းစားသုံးပေးမည်ဆိုပါက ခန္ဓာကိုယ်၏ဇီဝတွင်းဖြစ်ပျက်မှုကို လှုံ့ဆော်ပေးမည်ဖြစ်သလို ကိုယ်အလေးချိန်ကိုလည်းကျဆင်းစေမည်ဖြစ်သည်။ ခန္ဓာကိုယ်၏ဆဲလ်များ ကျန်းမာစေရန်အတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့် အရာတစ်မျိုးဖြစ်သည်။

ဆံပင်သန့်စွမ်းစေခြင်း

ဒန့်သလွန်ရွက်တွင် ဆံပင်နှင့်ဦးရေပြားကို အကျိုးပြုသည့် ဗီတာမင်နှင့် သတ္တုဓာတ်များ အများအပြားပါဝင်နေသည်။ ဒန့်သလွန်ရွက်ကို ဆံပင်နှင့်ဦးရေပြား သန့်ရှင်းစေရန်၊ ဆံပင်ကျွတ်သက်သာစေရန်နှင့် ဇောက်မထစေရန်အတွက် အသုံးပြုနိုင်သကဲ့သို့ ဆံသားခြောက်သွေ့ပျက်စီးခြင်းမဖြစ်အောင်ကာကွယ်ရာတွင်လည်း အထောက်အကူပြုသည်။ ဒန့်သလွန်ရွက်တွင် ဆံသားကို ကျန်းမာသန့်စွမ်းစေသည့် ဗီတာမင်B1၊ ဗီတာမင် B2၊ ဗီတာမင် B3၊ ဗီတာမင် B–6၊ ဖောလိတ် (Folate)နှင့် ဗီတာမင် C တို့ပါဝင်နေသည်။ ဒန့်သလွန်ရွက်က ဦးရေပြား၌ သွေးလည်ပတ်မှုကို တိုးတက်စေသကဲ့သို့ ဆံပင်သန့်စွမ်းမှုကို အထောက်အကူပေးသည်။ ဦးရေပြားတွင်သွေးလည်ပတ်မှု ကောင်းမွန်သည့်အခါ ဆံတွင်းပေါက်လေးများကို အာဟာရပြည့်ဝစေပြီး ဆံပင်များကို သန့်စွမ်းနက်မှောင်စေသည်။

အာရုံကြောစနစ်ကို ကောင်းမွန်စေခြင်း

ဒန့်သလွန်ရွက်က အာရုံကြောစနစ်တွင် ချို့ယွင်းမှုများမဖြစ်အောင် တိုက်ထုတ်ရာတွင် အထောက်အကူပေးသည်။ ဒန့်သလွန်ရွက်က ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်းနှင့် အခြားအာရုံကြောဆိုင်ရာဝေဒနာများကို သက်သာစေနိုင်သည်။ ဦးနှောက်၏ စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေသည်။ အယ်လ်ဇိုင်းမားကဲ့သို့ ရောဂါများမဖြစ်စေရန် ကာကွယ်ရာတွင်လည်း ပံ့ပိုးပေးသည်။

အစာခြေစနစ်ကို ကောင်းမွန်စေခြင်း

ဒန့်သလွန်ရွက်က အစာကြေလွယ်ပြီး အစာခြေဖျက်မှုကို ကောင်းမွန်အောင် အထောက်အကူပေးသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများက အာဟာရဓာတ်များကို ပိုမိုစုပ်ယူနိုင်စေသည်။ ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ အူရောင်ခြင်း၊ အသားဝါခြင်းတို့ဖြစ်သည့်အခါ ဒန့်သလွန်ရွက် ကြိတ်ရည်တစ်ဇွန်းနှင့် ပျားရည်ရောပြီး အုန်းရည်နှင့်တွဲကာ တစ်ရက်လျှင် သုံး၊လေးကြိမ်ခန့်သောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

အဆိပ်ပြေစေခြင်း

ဒန့်သလွန်ရွက်က ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များကို ပြေစေပြီးသွေးသန့်စေသည်။ ဒန့်သလွန်ရွက်ဟင်းရည်ကို တစ်နေ့နှစ်ကြိမ် သောက်ပေးခြင်းဖြင့် ဆေးလိပ်သောက်ခြင်း၊ လေထုညစ်ညမ်းခြင်းများကြောင့် အဆုတ်တွင် စုပုံလာသည့် အဆိပ်အတောက်များကို ပျက်ပြယ်စေသည်။ ဒန့်သလွန်ရွက်တွင် မှိုပိုးများကိုသေစေနိုင်သည့် အာနိသင်ရှိသကဲ့သို့ ရောဂါပိုးများကိုလည်း တိုက်ဖျက်နိုင်သည့်အစွမ်းသတ္တိလည်းရှိပြီး ရောင်ရမ်းမှုကို လျော့ပါးစေနိုင်စွမ်းလည်းရှိသည်။

စွမ်းအင်ပြည့်ဝစေခြင်း

ဒန့်သလွန်ရွက်သည် စွမ်းအင်ပြည့်ဝစေသည်။ ဒန့်သလွန်ရွက်သည် အချိုဓာတ်လုံးဝမပါဝင်ဘဲ သဘာဝနည်းအတိုင်း ခန္ဓာကိုယ်ကို စွမ်းအင်ပြည့်ဝစေခြင်းဖြစ်သည်။

ဝက်ခြံနှင့်ဆားဝက်ခြံများကို သက်သာစေခြင်း

ဒန့်သလွန်ရွက်သည် အရေပြားမှ အဆိပ်အတောက်ဖြစ်စေသည့်အရာများကို ဖယ်ရှားပေးပြီး အရေပြားကို နုပျိုစေသည်။ ဝက်ခြံနှင့်အမဲစက်များ ဖြစ်ပေါ်မှုကိုလည်း သက်သာစေပြီး အသားအရေကို ကြည်လင်ဖြူဝင်းလှပစေနိုင်သည်။

ကူးစက်ရောဂါများကို တိုက်ဖျက်နိုင်ခြင်း

ဒန့်သလွန်ရွက်တွင် ဖက်တီးရီးယားများကို သေစေနိုင်သည့် အာနိသင်နှင့် အရေပြားတွင် ကူးစက်ရောဂါဖြစ်စေသည့် မှိုပိုးကိုတိုက်ဖျက်နိုင်သော အာနိသင်များရှိသောကြောင့် သွေးနှင့်ဆီးလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကိုဖြစ်စေသည့် ကူးစက်ရောဂါများကို တိုက်ဖျက်ရာတွင် အထောက်အကူပြုသည်။

အသည်းကျန်းမာစေခြင်း

ဒန့်သလွန်ရွက်တွင် ပိုလီဖီနောလ်(Polyphenols) များစွာပါဝင်သောကြောင့် အသည်းကို အဆိပ်အတောက်ဖြစ်စေခြင်းနှင့် ပျက်စီးခြင်းမျိုးများမဖြစ်ပွားအောင် ကာကွယ်ပေးသည်။

အရိုးကျန်းမာသန့်စွမ်းစေခြင်း

ဒန့်သလွန်ရွက်တွင် ကယ်လ်စီယမ် (Ca)နှင့် ဖော့စဖရတ် (P) ကဲ့သို့ မရှိမဖြစ်လိုအပ်သည့် သတ္တုဓာတ်များပါဝင်သောကြောင့် အရိုးများကျန်းမာသန့်စွမ်းစေရန် ထိန်းသိမ်းပေးသည်။ ထို့ပြင် ဒန့်သလွန်ရွက်သည် ရောင်ရမ်းမှုကို လျော့ကျစေသောကြောင့် အဆစ်ရောင်နာကဲ့သို့ အရိုးအဆစ်များနာကျင်သည့်ဝေဒနာများကို ကုသရာတွင် ထိရောက်သည့်အစွမ်းအာနိသင်များရှိပြီး အရွက်များတွင် ဖြစ်တတ်သည့်နာကျင်မှုများကို သက်သာစေနိုင်သည့်အစွမ်းလည်းရှိသည်။

ကျောက်တည်ခြင်းကို ကာကွယ်ပေးခြင်း

ဒန့်သလွန်ရွက်သည် ကျောက်ကပ်၊ ဆီးအိမ်နှင့် သားအိမ်ထဲတွင် ကျောက်တည်ခြင်းများ မဖြစ်စေရန် ကာကွယ်ပေးသည်။ ဒန့်သလွန်ရွက်တွင် ကျောက်တည်ခြင်းကို လျှော့ချပေးနိုင်သည့် အစွမ်းသတ္တိရှိသကဲ့သို့ Endogenous Oxalate Synthesis ကို ထိန်းချုပ်ရာတွင်လည်း အထောက်အကူပြုသည်။

ကျောက်ကပ်ရောဂါများ မဖြစ်အောင်ကာကွယ်ပေးခြင်း

ဒန့်သလွန်ရွက်အဆီအနှစ်သည် ဆေးဝါးများနှင့် အဆိပ်ရှိသည့်အရာများနှင့် ထိတွေ့မိသောကြောင့် ဖြစ်သည့် ကျောက်ကပ်ပျက်စီးခြင်းများကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ဒန့်သလွန်ရွက်တွင် ပါဝင်သည့် Nephroprotective မှာ ကျောက်ကပ်ကို ထိခိုက်မှုများကို လျော့ကျစေသည်။ Nephroprotective က ထိရောက်သည့် ဇီဝစုပ်ယူပစ္စည်း (Bio–absorbent) အဖြစ် လုပ်ဆောင်ပေးပြီး ခန္ဓာကိုယ်တွင်းမှ အဆိပ်အတောက်ဖြစ်စေသည့်အရာများနှင့် အန္တရာယ်ရှိသည့်အရာများကို ဖယ်ရှားရာတွင် အထောက်အကူပြုသည်။

သန္ဓေတားပေးနိုင်စွမ်းရှိခြင်း

ဒန့်သလွန်ရွက်၏ အဆီအနှစ်ကို ဟော်မုန်းပျက်စီးစေမှု (Estrogenic Activity) လုပ်ဆောင်ရာတွင် အသုံးပြုကြသကဲ့သို့ သန္ဓေမအောင်စေရန် ကာကွယ်ရာတွင်လည်း အကျိုးပြုနိုင်သောကြောင့် ဒန့်သလွန်ရွက်မှာ သန္ဓေတားပေးနိုင်စွမ်းရှိသည်ဟု ဆိုနိုင်သည်။

စာမျက်နှာ ၅ သို့ á

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၂၅ ဧက စိုက်ပျိုးမည်

ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

ပုသိမ် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၂၅ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၂၅ ဧကကို ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မြေပြုပြင်သည့် လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်းသိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုသိမ်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၂၂၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ စေ့းကွက်ဝင်တဲ့သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ စိုက်ပျိုးမဲ့ သီးနှံတွေပိုးမွှားရောဂါ ကင်းရှင်းစေဖို့အပါအဝင် အခြားနည်းပညာပေး လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ပို့ချ ဆောင်ရွက်ပေးထားပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၂၂၅ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင် ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ်စသည့် သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှ အဆက်

ဒန့်သလွန်ရွက်နှင့် ကြက်သွန်ဖြူ၊ ပတဲကောမြစ်၊ မိဿလင်တို့နှင့် ဟင်းခါးချက်သောက်ပါက ရာသီထိမ်ခြင်းကို ပျောက်ကင်းစေသည်။ ဒန့်သလွန်ရွက်ဟင်းရည်ကို ၂၁ ရက် ဆက်တိုက်သောက်ပေးခြင်းဖြင့် အမျိုးသမီးများ ဓမ္မတာလာစဉ်နာကျင်မှုကို သက်သာစေနိုင်သည်။

သွေးတိုးကျစေခြင်း

ဒန့်သလွန်ရွက်က သွေးပေါင်ချိန်နှင့်ကိုယ်တွင်း ကိုလက်စထရောပမာဏကို သင့်တင့်သည့် အနေအထားဖြစ်အောင် ထိန်းညှိရာတွင် အထောက်အကူပြုသည်။ Isothiocyanate နှင့် Niaziminin တို့ကဲ့သို့ Bioactive ပစ္စည်းများမှ သွေးကြောများမပိတ်စေရန် ကာကွယ်ပေးသကဲ့သို့ အဆုတ်သွေးကြောများကို ထိခိုက်စေနိုင်သည့် သွေးတိုးရောဂါ (Pulmonary Hypertension) ဖြစ်ပေါ်မှုကိုလည်း လျော့ကျစေနိုင်သည်။ ဒန့်သလွန်ရွက်တွင်ပါဝင်သည့် Hypocholesterolemic အစွမ်းအာနိသင်ကအသည်းအဆီဖုံးခြင်း၊ ကျောက်ကပ်တွင်အဆီများခြင်းနှင့် သွေးတွင်းကိုလက်စထရောပမာဏများခြင်းတို့ ဖြစ်နိုင်ခြေကို လျော့ကျစေနိုင်သည်ဟု လေ့လာမှုများတွင် ဖော်ပြထားသည်။ ဒန့်သလွန်ရွက်ကို သုံးခွက်တစ်ခွက်တင်ကျိ၍ ဟင်းချိုအဖြစ် ပြုတ်သောက်ပါက သွေးတိုးကျစေသည်။

မျက်လုံးကျန်းမာစေခြင်း

ဒန့်သလွန်ရွက်တွင် ပါဝင်သည့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက မျက်ကြည်လွှာသွေးကြောများ ကျယ်လာခြင်းမျိုးမဖြစ်အောင် ကာကွယ်ရန်နှင့် မျက်ကြည်လွှာကြွက်သားများ မထိခိုက်အောင်ထိန်းသိမ်းပေးနိုင်သည်။ မျက်လုံးအတွင်းမှ သွေးကြောနံရံများထူမလာစေရန် တားဆီးပေးသကဲ့သို့ မျက်ကြည်လွှာပျက်စီးခြင်းများကိုလည်း ကာကွယ်ပေးသည်။

သွေးအားနည်းရောဂါကို သက်သာစေခြင်း

ဒန့်သလွန်ရွက်သည် ခန္ဓာကိုယ်၏သံဓာတ်စုပ်ယူမှုကို ကောင်းမွန်စေရန် ပံ့ပိုးပေးနိုင်သကဲ့သို့ သွေးနီဥဆဲလ်အရေအတွက်ကို တိုးစေပြီး ပုံမှန်သွေးပေါင်ချိန်ကို ထိန်းသိမ်းရာတွင်လည်း အထောက်အကူပြု သောကြောင့် ဒန့်သလွန်ရွက်ဖြင့် သွေးအားနည်းရောဂါကို ကုသနိုင်သည်။

ကင်ဆာနှင့်အဖုအကျိတ်များကို သက်သာစေခြင်း

ဒန့်သလွန်ရွက်ကို နေ့စဉ်ပုံမှန်စားပေးခြင်းဖြင့် ကင်ဆာဖြစ်နှုန်းကို ကျဆင်းစေသကဲ့သို့ ရင်သားကင်ဆာကို သက်သာစေနိုင်ပြီး ဒန့်သလွန်ကြိတ်ရည်ကို သောက်ခြင်းဖြင့် အူအကျိတ်နှင့်အနာများကို သက်သာစေနိုင်ကြောင်းသိရှိရသည်။

ဘေးထွက်ဆိုးကျိုးများ

ဒန့်သလွန်ရွက်တွင် ဝမ်းပျော့ပျော့သွားစေနိုင်သည့် အစွမ်းသတ္တိရှိသောကြောင့် ဗိုက်နာစေသကဲ့သို့ ဝမ်းလျှောခြင်းနှင့် ရင်ပူခြင်းများ ဖြစ်စေနိုင်သည်။ ဒန့်သလွန်ရွက်ကို အလွန်အကျွံစားသုံးပါက မအီမသာဖြစ်ခြင်းများဖြစ်နိုင်သည်။ ဒန့်သလွန်၏ အမြစ်၊ အပွင့်နှင့်အခက်များတွင်ပါဝင်သည့် ဓာတုဓာတ်ပေါင်းများက ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် သားအိမ်ကျုံ့ခြင်းကို ဖြစ်စေနိုင်သောကြောင့် ကိုယ်ဝန်ပျက်ကျနိုင်ခြေကိုတိုးစေသည်။

အချုပ်အားဖြင့် ဒန့်ဒလွန်ရွက်သည် ပန်းနာရင်ကျပ်နှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သက်သာနိုင်စွမ်းရှိသည့်အပြင် သွေးတိုးကျစေခြင်း၊ နို့ရည်ထွက်မှုကောင်းမွန်စေခြင်း၊ ဆီးချို တိုက်ဖျက်ပေးခြင်း၊ အာဟာရဖြည့်စွက်နိုင်ခြင်း၊ အကျိတ်ဖုချေဖျက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။ ဒန့်သလွန်အခေါက်၊ ဒန့်သလွန်အမြစ်၊ ဒန့်သလွန်အရွက်၊ ဒန့်သလွန်အသီးနှင့် ဒန့်သလွန်အပွင့် ပဉ္စင်းပါးလုံးအသုံးဝင်သော ဒန့်သလွန်ပင်မှ ဒန့်သလွန်ရွက်ကို အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ အမျိုးမျိုးစီမံချက်ပြုတ် စားသောက်ခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

နိုင်ငံ့အကျိုး

- နိုင်ငံတော် အကျိုးအတွက်
ထမ်းဆောင်ရွက် ရှေ့တန်းတင်၊
ကိုယ်ကျိုးကို ဖယ်ကြဉ်ရှား
ကြိုးစားမောင်းနှင်၊
ဝန်ထမ်းကောင်း စိတ်ဖြူစင်
ကျင့်သုံးအစဉ် သစ္စာရှိ၊
ရိုးသားစွာ တာဝန်ထမ်းကွယ်
ရွှင်လန်းပီတိ။

- သူ့ဆန်စား ရဲသင့်၏
နိုးကြားအသိ ထားရှိပါ၊
နိုင်ငံတော် တိုးတက်ရေး
လေးစားလိုက်နာ၊
ထူးချွန်ဖို့ နှလုံးသွင်းကာ
လုပ်ငန်းမှာ မြတ်နိုး၊
စည်းကမ်းဆောင် စနစ်တကျ
စံပြသယ်ပိုး။

- စွမ်းရည်ကို မြှင့်တင်ပျိုး
နိုင်ငံ့အကျိုး ဖြစ်ထွန်းဝေ၊
ကိုယ့်နိုင်ငံ ချစ်စိတ်ထား
လှုပ်ရှားလျက်နေ၊
စာရိတ္တ ကောင်းပါစေ
ဝမ်းစာဖွေ ဝန်ထမ်းတို့၊
နည်းလမ်းမှန် ကျင့်ဝတ်လမ်းနဲ့
လျှောက်လှမ်းပါစို့။ ။

မောင်စစ်သွေး

ဝမ်းတွင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲနံ့သာကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယား၊ ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၂၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၇ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

နိုင်ငံတကာ သတင်းများ

ပီရူးကွန်ဂရက်လွှတ်တော်အမတ်များက သမ္မတ ဒီနာ ဘိုလော့တီကို ရာထူးမှဖယ်ရှား

လီမာ အောက်တိုဘာ ၁၀

ပီရူးသမ္မတ ဒီနာဘိုလော့တီကို ရာထူးမှဖယ်ရှားရန် ပီရူးကွန်ဂရက်လွှတ်တော်အမတ်များက ယနေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

အလွှာအသီးသီးရှိ နိုင်ငံရေးအင်အားစုများ၏ တောင်းဆိုချက်အရ သမ္မတ ဘိုလော့တီကို ရာထူးမှဖယ်ရှားရန် ပီရူးကွန်ဂရက်လွှတ်တော်က မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

အသက် ၆၃ နှစ်အရွယ် အမျိုးသမီးသမ္မတ ဘိုလော့တီသည် သမ္မတရာထူးကို အသုံးချ၍ အကျိုးစီးပွားများ ရယူနေကြောင်း ပီရူးနိုင်ငံရေး အင်အားစုများက စွပ်စွဲထားသည်။

ပီရူးလွှတ်တော်အမတ်များက သမ္မတ ဘိုလော့တီကို သမ္မတရာထူးမှ ဖယ်ရှားရေးအတွက် သမ္မတ စွပ်စွဲခြင်းတင်ရေးလုပ်ငန်းစဉ်စတင်ရန် အောက်တိုဘာ ၉ ရက်က မဲခွဲခဲ့ရာ အဆိုပါလုပ်ငန်းစဉ်ကို ပီရူးလွှတ်တော် အမတ်များက တစ်ခဏက် ထောက်ခံခဲ့ကြသည်။

ပီရူးသမ္မတ ဘိုလော့တီသည် ကမ္ဘာပေါ်၌ လူကြိုက်အနည်းဆုံး နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်ပြီး ပြည်သူထောက်ခံမှုရာခိုင်နှုန်း နှစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းထိသာ ရရှိထားသည်။

လွှတ်တော်ကို ဖျက်သိမ်းရန် ကြိုးပမ်းမှုဖြင့် သမ္မတဟောင်း ပက်ဒရို ကတ်စတီလို ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပီရူးသမ္မတရာထူး တာဝန်ကို ဒီနာဘိုလော့တီက စတင်ရယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဘယ်လ်ဂျီယံဝန်ကြီးချုပ်နှင့် နိုင်ငံရေးသမားများကို တိုက်ခိုက်မည့်အစီအစဉ် ရဲတပ်ဖွဲ့ဖော်ထုတ်တားဆီးနိုင်ခဲ့

ဘရပ်ဆဲလ် အောက်တိုဘာ ၁၀

ဝန်ကြီးချုပ် ဘာ့သ်ဒီ ဝီဗာ အပါအဝင် ဘယ်လ်ဂျီယံနိုင်ငံရေးသမားများကို တိုက်ခိုက်မည့်အကြံအစည်တစ်ရပ်ကို ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ဖော်ထုတ်တားဆီးနိုင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံရေးသမားများအား တိုက်ခိုက်ရန် ကြံစည်နေသည့် အုပ်စုတစ်စုကို ရဲတပ်ဖွဲ့က ဖော်ထုတ် တားဆီးနိုင်ခဲ့ကြောင်း ဘယ်လ်ဂျီယံ ရှေ့နေတရားရုံးက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါအုပ်စုက တိုက်ခိုက်ရန် ကြံစည်ထားသည့် နိုင်ငံရေးသမားများအနက် ဝန်ကြီးချုပ် ဘာ့သ်ဒီ ဝီဗာလည်း ပါဝင်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ အတည်ပြုထားသည်။

ဝန်ကြီးချုပ်အပါအဝင် နိုင်ငံရေးသမားများအား ပစ်မှတ်ထားတိုက်ခိုက်မည့် အစီအစဉ်သည် ဘယ်လ်ဂျီယံအနေဖြင့် အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်ကို မီးမောင်းထိုးပြနေကြောင်း ဘယ်လ်ဂျီယံတာဝန်ရှိသူများက ပြောကြားထားသည်။

ဘယ်လ်ဂျီယံ နိုင်ငံရေးသမားများအား တိုက်ခိုက်မည့်အစီအစဉ်ကို ရဲတပ်ဖွဲ့က အောက်တိုဘာ ၉ ရက်တွင် ဖော်ထုတ်တားဆီးခဲ့ပြီး လူနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံသည် ရှေးယခင်ကလည်း အစ္စလာမ္မစ်နိုင်ငံ အကြမ်းဖက်အုပ်စု(အိုင်အက်စ်)၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ရုရှားနိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်ရန် ဗဟိုအာရှနိုင်ငံများကို သမ္မတပူတင် တိုက်တွန်း

ဘူရှန်ဘီ အောက်တိုဘာ ၁၀

ရုရှားနိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်မှုပြုလုပ်ရန် ဗဟိုအာရှနိုင်ငံငါးနိုင်ငံတို့ကို ရုရှားသမ္မတ ပူတင်က အောက်တိုဘာ ၉ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

တာဂျစ်ကစ္စတန်နိုင်ငံ ဘူရှန်ဘီမြို့တော်၌ ကျင်းပခဲ့သည့် ရုရှား-ဗဟိုအာရှ ထိပ်သီးဆွေးနွေးပွဲတွင် ရုရှားသမ္မတက ဗဟိုအာရှနိုင်ငံများကို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲ၌ သမ္မတပူတင်နှင့်အတူ ကာဇက်စတန်၊ ဥဇဘတ်ကစ္စတန်၊ ကာဂျစ္စတန်၊ တာ့ဂ်မင်နစ္စတန်၊ တာဂျစ်ကစ္စတန်နိုင်ငံတို့မှ ခေါင်းဆောင်များလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဗဟိုအာရှနိုင်ငံ ငါးနိုင်ငံတို့သည် ၁၉၉၁ ခုနှစ်ထိ ဆိုဗီယက်ပြည်ထောင်စု၏ အစိတ်အပိုင်းများဖြစ်ခဲ့သော နိုင်ငံများဖြစ်ကြသည်။

ရုရှားနိုင်ငံနှင့် ဗဟိုအာရှနိုင်ငံတို့ကြား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံထိသာ ရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဗဟိုအာရှနိုင်ငံများအပေါ် သြဇာပြန်လည် လွှမ်းမိုးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

လေးနှစ်ကြာပိတ်ထားခဲ့ရသည့် ကာဘူးလ်မြို့တော်ရှိ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်

ဒေလီ အောက်တိုဘာ ၁၀

လေးနှစ်ကြာပိတ်ထားခဲ့ရသည့် ကာဘူးလ်မြို့တော်ရှိ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ် ဂျိုင်ရှန်ကာက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံသည် ကာဘူးလ်မြို့တော်ရှိ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးကို အမေရိကန်တပ်များနှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)တပ်များ အာဖဂန်မှ ဆုတ်ခွာခဲ့သည့် ၂၀၂၁ ခုနှစ်မှစ၍ ပိတ်ထားခဲ့ရသည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ တစ်နိုင်ငံလုံးကို တာလီဘန်အဖွဲ့က ပြန်လည်ထိန်းချုပ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်နှင့် သံတမန်ရေးအရ ထိတွေ့ဆက်ဆံမှုများ ပြန်လည်စတင်ခဲ့သည်။

ကာဘူးလ်မြို့တော်ရှိ သံရုံးပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်ကို အိန္ဒိယနိုင်ငံသို့ တာလီဘန်နိုင်ငံ ခြားရေးဝန်ကြီး အမီရာခန် မူတာကီ ရောက်ရှိနေချိန်တွင် အိန္ဒိယနိုင်ငံ ခြားရေးဝန်ကြီးက ကာဘူးလ်မြို့ရှိ သံရုံး ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်ကို ကြေညာခဲ့ခြင်း ဖြစ်သည်။

တာလီဘန် နိုင်ငံခြားရေးဝန်ကြီး အမီရာခန် မူတာကီသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံသို့ ပထမဆုံးသွားရောက်ခဲ့သော တာလီဘန်ခေါင်းဆောင်ဖြစ်သည်။

အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် သမိုင်းကြောင်းအရ ဆက်ဆံရေး ကောင်းမွန်သော်လည်း လက်ရှိတွင် တာလီဘန်အစိုးရအဖွဲ့ကို တရားဝင် အသိအမှတ်ပြုထားခြင်း မရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)ရေတပ်မှ စစ်သင်္ဘောနှစ်စီး ချစ်ကြည်ရေးနှင့် လေ့ကျင့်ရေးခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

ဖနောင်ပင် အောက်တိုဘာ ၁၀

တရုတ်ပြည်သူ့ လွှတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်မှ စစ်သင်္ဘောနှစ်စီးသည် ချစ်ကြည်ရေးနှင့် လေ့ကျင့်ရေးခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်ရေတပ် စစ်သင်္ဘောနှစ်စီးသည် ယနေ့တွင် ဖနောင်ပင်မြို့တော် ဆီဘာနော့ဗီးလ် ဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်ရေတပ် စစ်သင်္ဘောနှစ်စီးသည် အောက်တိုဘာ ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

ကမ္ဘောဒီးယား နိုင်ငံသည် တရုတ်နိုင်ငံ၏ အဓိကကျဆုံး အရှေ့တောင်အာရှ မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

တရုတ်အစိုးရအနေဖြင့် ယခုနှစ်အတွင်း နယ်စပ် စစ်ရေးပဋိပက္ခများဖြစ်ပွားထားသည့် အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများ ဖြစ်သော ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့နှင့် ဆက်ဆံရေးကို ထိန်းထားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယခုနှစ် ဇူလိုင်လအတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့သည့် ထိုင်းနိုင်ငံသည်လည်း တရုတ်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာသော အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

နာဆာ၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာ့ဂြိုဟ်နှင့် အလင်းနေ့တစ်နေ့စာအကွာအဝေးသို့ ရောက်ရှိမည်ဖြစ်

ဝါရှင်တန် အောက်တိုဘာ ၁၀

အမေရိကန်အစိုးရ အမျိုးသားကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာ့ဂြိုဟ်နှင့် အလင်းနေ့ တစ်နေ့စာအကွာအဝေးသို့ ရောက်ရှိမည်ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက်သတင်းများအရ သိရသည်။

နာဆာ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ကမ္ဘာ့ဂြိုဟ်နှင့်မိုင်ပေါင်း ၁၆ ဘီလီယံအကွာသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဗွိုင်ယေဂျာ-၁ နှင့်ကမ္ဘာ့ဂြိုဟ် တို့ကြား အထက်ပါအကွာအဝေးသည် အလင်းရောင်၏ အမြန်နှုန်းဖြင့် တိုင်းတာပါက ၂၄ နာရီကြာမြင့်မည်ဖြစ်သည်။

ထို့ပြင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ၂၀၂၇ ခုနှစ် ဧနှစ်နဝါရီ ၂၈ ရက်တွင် နေနှင့်အလင်းနေ့ တစ်နေ့စာအကွာအဝေးသို့ရောက်ရှိမည်ဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်ကို ၁၉۷۷ ခုနှစ် စက်တင်ဘာလတွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ် လေ့လာရေး မစ်ရှင်များအတွက် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ၜင်း အာကာသယာဉ်သည် ၂၀၁၂ ခုနှစ် သြဂုတ်လတွင် နေအဖွဲ့အစည်းမှ လွတ်ထွက်ခဲ့ပြီး ကြယ်တာရာဟင်းလင်းပြင်အတွင်းသို့ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်ရှိ အာကာသအမှိုက်များကို ဖယ်ရှားရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက စွမ်းဆောင်ရည်တည်ဆောက်နေ

ပေကျင်း အောက်တိုဘာ ၁၀

ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်ရှိ အာကာသအမှိုက်များကို ဖယ်ရှားရေးအတွက် တရုတ်အမျိုးသား အာကာသအေဂျင်စီက စွမ်းဆောင်ရည် တည်ဆောက်နေကြောင်း အောက်တိုဘာ ၉ ရက်သတင်းများအရ သိရသည်။

မိမိတို့အနေဖြင့် ကမ္ဘာ့ပတ်လမ်းပေါ်ရှိ အာကာသအမှိုက်များကို ခြေရာခံစောင့်ကြည့်ရေးနှင့် ဖယ်ရှားရေးအတွက် စွမ်းဆောင်ရည် တည်ဆောက်မည်ဖြစ်ပြီး အခြားနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း တရုတ် အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အလားတူ လက်ရှိအချိန်တွင် တရုတ်အမျိုးသားအာကာသအေဂျင်စီအနေဖြင့် ကမ္ဘာ့ပတ်လမ်းပေါ်ရှိ အာကာသအမှိုက်များကို ဖယ်ရှားရေးအတွက် နည်းပညာပိုင်းအရ သုတေသနပြုလုပ်နေသည်။

သို့ရာတွင် ကမ္ဘာ့ပတ်လမ်းပေါ်ရှိ အာကာသအမှိုက်များကို ဖယ်ရှားရာတွင် အသုံးပြုမည့် နည်းပညာများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုတရုတ် အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အာကာသမစ်ရှင် အများဆုံးလွှတ်တင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ အသုံးပြုပြီးသား တရုတ် ဒုံးပျံအစိတ်အပိုင်းနှင့် သက်မဲ့ဂြိုဟ်တုအများအပြားရှိနေကြောင်း သိရသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီ၏ အာကာသအမှိုက်ပြဿနာ ဖြေရှင်းရေးမူဝါဒများထဲတွင် မစ်ရှင်သက်တမ်းကုန်ဆုံးတော့မည့် ဂြိုဟ်တုများကို ပတ်လမ်းပေါ်မှ ဆွဲထုတ်ရန် သို့မဟုတ် အနည်းဆုံးအဆင့်အနေဖြင့် ပတ်လမ်းအမြင့် လျှော့ချရန်တို့လည်း ပါဝင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ရွှေ့လျားတိုက်ခတ်နေသော လေဆင်နှာမောင်း၏ ရွှေ့လျားနှုန်းမှာ ယခင်မျှော်လင့်ထားသည်ထက် ပိုမြန်ဆန်

စတော့ဟုမ်း အောက်တိုဘာ ၁၀

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ရွှေ့လျားတိုက်ခတ်နေသော လေဆင်နှာမောင်း၏ ရွှေ့လျားနှုန်းမှာ ယခင် မျှော်လင့်ထားသည်ထက် ပိုမြန်ဆန်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တိုက်ခတ်တတ်သည့် လေဆင်နှာမောင်းများ၏ ရွှေ့လျားနှုန်းမှာ ယခင် တွက်ချက်ထားသည်ထက်များစွာပိုမြန်ပြီး တစ်နာရီလျှင် ၉၈ မိုင်ထိရှိသည်ဟု ဆွစ်ဇာလန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အင်္ဂါဂြိုဟ်လေဆင်နှာမောင်းများ ရွှေ့လျားမှုအမြန်နှုန်းကို ဖော်ထုတ်နိုင်ခြင်းဖြင့် အနာဂတ် အင်္ဂါဂြိုဟ်ဆင်း အာကာသယာဉ်မစ်ရှင်များအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်မည်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အင်္ဂါဂြိုဟ်လေဆင်နှာမောင်းများသည် နွေဦးရာသီနှင့် နွေရာသီကာလများအတွင်း အများဆုံးပေါ်ထွက်လာတတ်ပြီး တိုက်ခတ်ချိန် မိနစ်အနည်းငယ်မျှ ကြာမြင့်တတ်ကြောင်း သိရသည်။

ကမ္ဘာ့ဂြိုဟ်ပေါ်၌ လေထုလွှာအတွင်း ရောက်ရှိသွားသော ဖုန်မှုန့်များကို မိုးရေကရှင်းလင်းပေးသော်လည်း အင်္ဂါဂြိုဟ်သဲမှုန်များ ကမ္ဘာ လေထုလွှာအတွင်း လပေါင်းများစွာ ရှိနေတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

HEALTH

ကင်ဆာလူနာများ ပင်ပန်းနွမ်းနယ်မှုက ရောင်ရမ်းမှုပြဿနာနှင့် ဆက်စပ်နေ

နယူးယောက် အောက်တိုဘာ ၁၀

ကင်ဆာကုထုံး ခံယူနေသော လူနာများ ပင်ပန်းနွမ်းနယ်မှုသည် ရောင်ရမ်းမှုပြဿနာနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကင်ဆာရောဂါကုထုံးများ ခံယူနေစဉ်အတွင်းနှင့် ခံယူပြီးနောက်ပိုင်းကာလများအတွင်း ပင်ပန်းနွမ်းနယ်မှုသည် ရောင်ရမ်းမှုပြဿနာနှင့်ဆက်စပ်နေကြောင်း သိရသည်။

အထူးသဖြင့် ရောင်ရမ်းမှုပြဿနာသည် အမျိုးသမီးကင်ဆာလူနာများ၏ရုပ်ပိုင်းဆိုင်ရာပင်ပန်းနွမ်းနယ်မှုကို အားပေးစေ့ဆော်တတ်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာလူနာ အမျိုးသမီး ၁၉၂ ဦး၏ သွေးအတွင်း Cytokines ခေါ် ရောင်ရမ်းမှုအဆင့်ကို ကင်ဆာကုထုံးများမခံယူမီနှင့် ခံယူပြီးကာလများအတွင်း တိုင်းတာလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးအတွင်း Cytokines ပရိုတီန်းများ ပါဝင်မှုအဆင့် မြင့်မားမှုသည် ရင်သားကင်ဆာ လူနာများ၏ ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုပြဿနာနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

ဓာတ်ငွေ့ပါအချိုရည်များ တစ်ရက်တစ်ဘူး သောက်ပါက အသည်းရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

ပေကျင်း အောက်တိုဘာ ၁၀

ဓာတ်ငွေ့များပါ အချိုရည်များကို တစ်ရက်တစ်ဘူး သောက်ပါက အသည်းရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၉ ရက်သတင်းများအရ သိရသည်။

ဓာတ်ငွေ့ပူဖောင်းများ ထည့်သွင်းထားသည့် အထက်ပါအချိုရည်များကို တစ်ရက်လျှင် ၂၂၀ မီလီမီတာမျှ သောက်ခဲ့လျှင်ပင် MASIDခေါ်အသည်းရောဂါတစ်မျိုး ဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

MASID (Metabolic Dyslu-action- Associated Steatotic Disease) သည် အရက်အလွန်အကျွံ သောက်သုံးမှုနှင့် မသက်ဆိုင်သည့် အသည်းရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

တရုတ်သုတေသနပညာရှင်များသည် ဗြိတိန်နိုင်ငံသား အရွယ်ရောက်သူ ၁၂၃၀၀၀ တို့၏ အစာစားသုံးမှုပုံစံများကို လေ့လာခဲ့ကြရာ ကိုကာကိုလာကဲ့သို့ သကြားဓာတ်ပါ အချိုရည်များကို ပုံမှန်သောက်သုံးသူများ၌ MASIO အသည်းရောဂါ ဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း တွေ့ရှိခဲ့ရသည်။

အလားတူ Diet Coke ကဲ့သို့ သကြားဓာတ် လျှော့ထားသော ဓာတ်ငွေ့အမြှုပ်ပါ အချိုရည်များ သောက်သုံးပါကလည်း MASID အသည်းရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်ဟု တရုတ်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

အာဆင်နယ်အသင်းတွင် ဂိုးသွင်းအများဆုံး အင်္ဂလန်ကစားသမားအဖြစ် ဆာကာ မှတ်တမ်းဝင်

လန်ဒန် အောက်တိုဘာ ၁၀

နိုင်ငံတကာ ခြေစမ်းပွဲစဉ် အဖြစ်ကစားခဲ့သည့် အင်္ဂလန် အသင်းနှင့် ဝေးလ်အသင်းတို့ပွဲစဉ်တွင်တောင်ပံကစားသမားဆာကာက အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အာဆင်နယ်အသင်းတွင် ဂိုးသွင်းအများဆုံး အင်္ဂလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အင်္ဂလန်အသင်းက ဝေးလ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တောင်ပံကစားဆာကာသည်ပွဲကစားချိန် မိနစ် ၂၀ တွင် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် အင်္ဂလန်အသင်းအတွက် သွင်းဂိုး ၁၃ ဂိုးထိ ရှိလာခဲ့ပြီး အာဆင်နယ်အသင်းတွင် ဂိုးသွင်းအများဆုံး အင်္ဂလန်ကစားသမားဖြစ်လာခဲ့သည်။

အာဆင်နယ်အသင်း သမိုင်းတွင် ဂိုးသွင်းအများဆုံး အင်္ဂလန်ကစားသမားအဖြစ် ဘက်စ်တင်းက သွင်းဂိုး ၁၂ ဂိုးဖြင့် ၈၇ နှစ်ကြာ ဦးဆောင်နေသော်လည်း အသက် ၂၄ နှစ်ရှိ ကစားသမားက အင်္ဂလန်အသင်းအတွက် ငါးနှစ်ကြာပါဝင်ကစားအပြီးတွင် သွင်းဂိုး ၁၃ ဂိုးထိ ရှိလာကာ ဘက်စ်တင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

အာဆင်နယ်အသင်း သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး အင်္ဂလန်ကစားသမားများအဖြစ် တောင်ပံကစားသမား ဆာကာက ပထမ၊ ဘက်စ်တင်းက သွင်းဂိုး ၁၂ ဂိုးဖြင့် ဒုတိယ၊ တိုနီဝဲလ်ကော့က သွင်းဂိုး ကိုးဂိုးဖြင့် တတိယ၊ အီယန်ရိုက်က သွင်းဂိုး ကိုးဂိုးဖြင့် စတုတ္ထနေရာတို့တွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : SI

Trs : ML

Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂရေးဆာမန်း ဦးဆောင်

တိုကျို အောက်တိုဘာ ၁၀

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင်ကျင်းပနေသည့် Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂရေးဆာမန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ရှောင်ဖီလီ၊ စမောလီနှင့် ဆွီဒင် ဂေါက်သီးရိုက်ကစားသမား နိုရန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်သည့် ရှောင်ဖီလီက "ပထမနေ့မှာတော့ ရလဒ်ကောင်းဖို့အတွက် တော်တော်လေးကို ကြိုးစားခဲ့ရသလို အမှားတချို့လဲရှိခဲ့တယ်။ ဒီနေ့မှာတော့ လေလုံးဝမတိုက်တဲ့အတွက် ကစားရတာ တော်တော်လေး အဆင်ပြေခဲ့ပါတယ်။ ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကျွန်တော်ကစားချင်တဲ့၊ လုပ်ပြချင်တဲ့ စွမ်းဆောင်ရည်မျိုးဖြစ်ပါတယ်။ ကောင်းကောင်း ကစားနိုင်ခဲ့တဲ့ဆုကတော့ ရလဒ်ကောင်းခြင်းပါပဲ။ အောင်မြင်မှုရဖို့ဆိုရင်တော့ ရလာတဲ့အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ဖို့ပါပဲ"ဟု ပြောကြားခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဂရေးဆာမန်းက "ပထမနေ့ကစပြီးတော့ ရလဒ်တွေ တောက်လျှောက် ကောင်းမွန်ခဲ့ပါတယ်။ ဒီပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ သေချာပြုလုပ်လာခဲ့တယ်။ ပြင်ဆင်လာတဲ့အတိုင်း ကစားနိုင်ခဲ့တယ်။ နှစ်ရက်စလုံး အကောင်းဆုံး စွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Monthly

Trs : AZL

ပေါ်တိုအသင်းကစားသမား အိုမိုရိုဒီယွန်ကို ယူရို သန်း ၆၀ ဖြင့်ခေါ်ယူရန် ဘာစီလိုနာ ဆုံးဖြတ်

ဘာစီလိုနာ အောက်တိုဘာ ၁၀

ဘာစီလိုနာ အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ပေါ်တို အသင်းတိုက်စစ်ကစားသမား အိုမိုရိုဒီယွန်ကို လာမည့် အပြောင်းအရွှေ့တွင် ယူရိုသန်း ၆၀ ဖြင့်ခေါ်ယူရန် ဆုံးဖြတ်ထားသည်။

အသက် ၂၁ နှစ်ရှိတိုက်စစ်မှူး အိုမိုရိုဒီယွန်သည် လာလီဂါကလပ် အသင်းများဖြစ်သည့် ဂရန်နာဒါ အသင်း၊ အလာဗက်အသင်း၊ အေတီကိုအသင်းတို့တွင် ကစားခဲ့သူဖြစ်ကာ လာလီဂါပြိုင်ပွဲအတွေ့ အကြုံကောင်းများရှိသည့် ကစားသမားတစ်ဦးလည်း ဖြစ်သဖြင့် ဘာစီလိုနာအသင်းက အနာဂတ် စီမံကိန်းအတွက် ခေါ်ယူသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

တိုက်စစ်မှူး အိုမိုရိုဒီယွန်သည် ၂၀၂၄ ခုနှစ်က စပိန်လာလီဂါမှ ထွက်ခွာ၍ ပေါ်တူဂီကလပ် ပေါ်တို အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး ပွဲဦးထွက်ဘောလုံးရာသီတွင် ပေါ်တို အသင်း တိုက်စစ်ပိုင်းအတွက် သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူပေးနိုင်ခဲ့သည်။

လက်ရှိတွင် ဘာစီလိုနာ အသင်း တာဝန်ရှိသူများက အသင်းနှင့် ယခုနှစ် ဘောလုံးရာသီ ကုန်တွင် စာချုပ်သက်တမ်းကုန် ဆုံးတော့မည့် လီဝမ်ဒေါစကီး၏ နေရာတွင် လာလီဂါပြိုင်ပွဲအတွေ့ အကြုံကောင်းများရှိသည့် လူငယ် ကစားသမား အိုမိုရိုဒီယွန်နှင့် သာ အစားထိုးသွားမည်ဖြစ်ပြီး ၎င်းကို ခေါ်ယူနိုင်ရန်အတွက် ယူရို သန်း ၆၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : GFFN

Trs : ML

Wuhan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဆာဘာလင်ကာ တက်ရောက်

ပေကျင်း အောက်တိုဘာ ၁၀

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပနေသည့် Wuhan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘယ်လာရှစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဆာဘာလင်ကာသည် Wuhan Open တင်းနစ်ပြိုင်ပွဲတွင် သုံးကြိမ်ထိ ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်သူဖြစ်ပြီး နောက်ဆုံးကစားခဲ့သော ပွဲပေါင်း ၂၀ ကို ဆက်တိုက် အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ဆာဘာလင်ကာက"ဝူဟန်မြို့မှာ မှတ်တမ်းကောင်းတွေ ရရှိထားသလို ဝူဟန်မြို့ကိုရောက်လာတိုင်း အိမ်ကိုပြန်လာရသလို ခံစားမိတယ်။ ဝူဟန်မှာ သုံးကြိမ်ထိ ချန်ပီယံဆုရရှိခဲ့ဖူးတဲ့ အမှတ်တရတွေကို မနေ့ကလိုပဲခံစားမိပါတယ်။ နောက်ပြီးတော့ ဝူဟန်ပရိသတ်တွေနဲ့ ကျွန်မကြား ကောင်းမွန်တဲ့ ချိတ်ဆက်မှုတွေရှိ နေပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကလဲ နှစ်တိုင်း အားရစရာကောင်းတယ်။ ကျွန်မကို အခုလို အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဆာဘာလင်ကာသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်မယ်ပီဂူလာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက ဘရာဇီးကလပ် ဗက်စကိုဒဂါးမားအသင်းမှ လူငယ်ကစားသမား ရာရန်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက အသင်းကိုရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း လက်ရှိ ဈေးကွက်တန်ကြေး စတာလင်ပေါင် နှစ်ဘီလီယံထက်ကျော်၍ စတာလင်ပေါင် ၅ ဒသမ ၂ ဘီလီယံရရှိမှသာ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းက ဂလက်စ်နာကို နည်းပြသစ်ခန့်အပ်မည့်သတင်းများ ထွက်ပေါ်နေသော်လည်း ၎င်းက ငြင်းဆိုခြင်း မရှိခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား တိုနယ်လီသည် နယူးကာဆယ်အသင်းတွင် ခြေစွမ်းပြနေသော်လည်း စီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။ ML

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့နှင့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ဝှေ့နှင့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ လက်ဝှေ့ အားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း၊ ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲ၊ လေးယောက်တွဲ အသင်းလိုက် နည်းစနစ်ပိုင်း လေ့ကျင့်နေမှုနှင့် ကွင်းသွင်း ခြင်းခတ်အားကစား သမားများ၏ လေ့ကျင့်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လေ့ကျင့်ထားသည့် အတိုင်း ထိချက်များ မှန်ကန်တိကျစွာဖြင့် ပြိုင်ပွဲတွင် ယှဉ်ပြိုင်နိုင်အောင် နည်းစနစ်၊ နည်းဗျူဟာများကို ကြိမ်ဖန်များစွာ လေ့ကျင့်သွားရန်၊ ကွင်းသွင်းခြင်းခတ်ရာတွင် စိတ်တည်ငြိမ်မှုရှိစေရန်နှင့် ရမှတ်များ ပိုမိုကောင်းမွန်စေရန်အတွက် အာရုံစူးစိုက်ခြင်းနှင့် သက်လုံကောင်းပြီး ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိစေမည့် လေ့ကျင့်ခန်းများကို အလေးထား လေ့ကျင့်လုပ်ဆောင်သွားရန်၊ Training Program အတိုင်း လေ့ကျင့်ပြီး မိမိတို့၏ အားနည်းချက်များကို အားသာချက်အဖြစ် ပြောင်းလဲနိုင်သူများ ဖြစ်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း လိုက်နာပြီး ကြိုးစား လေ့ကျင့်သွားကြရန် မှာကြားပြီး အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

AFC Special Grassroots Football Awards 2025 ဆုကို မြန်မာနိုင်ငံမှ Future Stars Football Training ကလပ် ဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၁၀

အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည် လူငယ်ဘောလုံးတိုးတက်ရေး အခြေခံအဆင့် လှုပ်ရှားမှုဖြစ်သည့် Grassroots ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းကို အသိအမှတ်ပြုသည့် အနေဖြင့် ၂၀၂၅ ခုနှစ်အတွက် AFC Special Grassroots Football Awards 2025 ဆုကို ချီးမြှင့်မည်ဖြစ်ရာ အဆိုပါဆုကို မြန်မာနိုင်ငံမှ Future Stars Football Training ကလပ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲကို လာမည့် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး Future Stars Football Training ကလပ်မှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရယူရန် AFC မှ ဖိတ်ကြားထားသည်။

Future Stars Football Training ကလပ်ကို ၂၀၁၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ထိ လူငယ်ဦးရေ ၃၀၀၀ ကျော် အခြေခံဘောလုံးပညာ တက်ရောက်သင်ယူခဲ့သည်။

အဆိုပါသင်တန်းပို့ချမှုများကို မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းနည်းပြဟောင်း ဦးအေးကြူကြီး၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဦးဟန်ထွန်းနှင့် နည်းပြများက တာဝန်ယူပို့ချ လျက်ရှိကြောင်း သိရသည်။ STA

၂၀၂၇ အာရှဖလားခြေစစ်ပွဲ တတိယအဆင့် အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက ဆီးရီးယားအသင်းကို ရှုံးနိမ့်

ရန်ကုန် အောက်တိုဘာ ၁၀

အာရှဖလားခြေစစ်ပွဲ တတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် အောက်တိုဘာ ၉ ရက် ညပိုင်းက ဆော်ဒီနိုင်ငံတွင် ဆီးရီးယားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက အဓိက ကစားသမားအစုံအလင်ပွဲထွက်လာခဲ့သော်လည်း ဆီးရီးယားအသင်း၏ တိုက်စစ်ဆင်မှုများကို ထိန်းချုပ်ရန်ခက်ခဲခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း ဆီးရီးယားအသင်းကပင် ဆက်လက် ဖိအားပေးခဲ့ကာ နောက်ထပ် ဦးဆောင်ဂိုး နှစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး မြန်မာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၉၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် နန္ဒကျော်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ဆီးရီးယားအသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး မြန်မာအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

မြန်မာအသင်းနှင့်ဆီးရီးယားအသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်ကို အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

နေရှင်နယ်လီဂ် ယူ- ၂၁ ပြိုင်ပွဲတွင် Falcon အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာနေရှင်နယ်လီဂ် ယူ- ၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၄) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ Falcon အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လီဂ် ယူ- ၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၄) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာ အားမာန်အသင်းတို့ ကစားခဲ့ရာ အနိုင်အရှုံးရလဒ် မပေါ်ခဲ့ဘဲ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း အားကစားကွင်းတွင် Falcon အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ Falcon အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Falcon အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ်တွင် ညီညီသန့်၊ ၆၇ မိနစ်တွင် ဒီဝေယံတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်း၌ ရာမညယူနိုက်တက် အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရာမညယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အတွက် သွင်းဂိုးများကို ပွဲချိန်မိနစ် ၆၀ နှင့် ၇၀ တို့တွင် စိုးမောင်မောင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

မက်ဂွဲယားကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၄၀၀၀၀ ဖြင့် သက်တမ်းတိုးရန် မန်ယူအသင်းကမ်းလှမ်း

မန်ချက်စတာ အောက်တိုဘာ ၁၀

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဗဟိုခံစစ်ပိုင်းမှ မက်ဂွဲယားကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၄၀၀၀၀ ဖြင့် သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

မက်ဂွဲယားသည် နည်းပြ အာမိုရင်လက်အောက်တွင် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရသဖြင့် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာရန် ဆန္ဒရှိခဲ့သောကြောင့် ဆော်ဒီကလပ် အသင်းများက ၎င်းကိုခေါ်ယူရန် ကြိုးပမ်းလာခဲ့ရာ စိတ်ဝင်စားမှုမရှိ၍ အသင်းတွင် ဆက်လက်ကစားခဲ့ရသည်။

ယခုအခါ ကစားသမားကိုယ်တိုင်က အမှတ်ပေးပွဲ ခုနစ်ပွဲတွင် ခြောက်ပွဲသာ လူစားဝင် ကစားသမားအဖြစ် ပါဝင်ခဲ့ရပြီးနောက် စာချုပ်သက်တမ်းမကုန်ဆုံးမီ ရှစ်လအလို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် တောင်းဆိုထားသည်။

သို့သော် မန်ယူအသင်း တာဝန်ရှိသူများက မက်ဂွဲယားကို အလွတ်ပြောင်းရွှေ့ခွင့်မပြုလိုသောကြောင့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၄၀၀၀၀ ပေး၍ စာချုပ်သက်တမ်းတိုးရန် စတင်ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

မြန်မာ့ပေါ်ဆန်းမှ ကမ္ဘာ့ပေါ်ဆန်း

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော The Rice Trader World Rice Conference ၏ ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲမှာ The World's Best Rice of 2011 (၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်)ဆုကို "ပေါ်ဆန်း" ဆန်ဖြင့် ရရှိခဲ့သည်။ ဤဆုသည် မြန်မာနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ အရည်အသွေးမြင့် ဆန်စားသုံးသူများအား မြန်မာ့ဆန်၏ အရည်အသွေးကို စတင်သိရှိလာအောင် ပြသနိုင်ခဲ့သည်။ ထို့ပြင် မြန်မာ့စိုက်ပျိုးရေးကဏ္ဍနှင့် ဆန်လုပ်ငန်း၏ဂုဏ်သိက္ခာကို ကမ္ဘာအနှံ့သို့ တင်ပြနိုင်ခဲ့သည့် အောင်မြင်မှုတစ်ရပ်ဟုဆိုပါကလည်း မှားမည်မထင်ပေ။

ထိုအချိန်မှစတင်၍ မြန်မာ့ပေါ်ဆန်းသည် ပြည်တွင်းသာမက ကမ္ဘာ့မျက်နှာစာတွင်ပါ ကျော်ကြားလာခဲ့သည်။ မြန်မာ့ပေါ်ဆန်းသည် "မြန်မာ့ပုလဲဆန်"(Myanmar Pearl Rice)အမည်ဖြင့် နိုင်ငံတကာ စျေးကွက်တွင် ၂၀၁၁-၂၀၁၂ ခုနှစ်ကတည်းက ရောင်းချခဲ့ပြီး ကောင်းမွန်သောသမိုင်းကြောင်းများရှိခဲ့သည်။ မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အဆင့်မီ အရည်အသွေးရှိသော်လည်း နိုင်ငံတကာတွင် စျေးကွက်ဝေစုနည်းနေသည့်အတွက် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ တင်ပို့ရောင်းချသူများအနေဖြင့် မြန်မာ့ပေါ်ဆန်းမှ ကမ္ဘာ့ပေါ်ဆန်းဖြစ်ရေး ဦးတည်ကြိုးပမ်းဆောင်ရွက်သင့်သည်။

မြန်မာသီ ကမ္ဘာသီ ပေါ်ဆန်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပေါ်ဆန်းစပါးကို စိုက်ပျိုးလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ်သည်။ ပေါ်ဆန်းကို ၁၉၄၄ ခုနှစ်တွင် မြောင်းမြခရိုင် မြောင်းမြဗဟိုခြံ၌ စတင်ထုတ်လုပ်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ပေါ်ဆန်းရင်မျိုး၊ ၁၉၆၀ ပြည့်နှစ်တွင် ပေါ်ဆန်းဘေးကျားမျိုးတို့ကို ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၉၇-၁၉၉၈ ခုနှစ်ခန့်က ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှ တောင်သူတစ်ဦးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဗုံလုံကျေးရွာမှ ပေါ်ဆန်းဘေးကျားမျိုး လေးပြည်ယူဆောင်ခဲ့ပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာမှ ရွှေဘိုမြို့နယ်တွင် ပေါ်ဆန်းစပါးစတင်ခဲ့သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ပေါ်ဆန်းဘေးကျားမျိုးကို သရောင်းချောင်းခြံနှင့် အောက်ကွင်းကြီးခြံတို့မှယူ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရွှေဘိုမြို့နယ်ရှိ ချိပါမျိုးသန့်ခြံတွင် မျိုးပွားပြီး ဖြန့်ဝေခဲ့သည်။ ပေါ်ဆန်းဘေးကျားမျိုးသည် ရေမြေဒေသနှင့်ကိုက်ညီမှုရှိခြင်း၊ တစ်ဧကအထွက်နှုန်းတင်း ၆၀ မှ ၉၀ ထိ ထွက်ခြင်း၊ ဆန်ထွက်ရာခိုင်နှုန်း ၅၀ မှ ၆၀ ရှိခြင်း၊ ဆန်စပါးစျေးကွက်တွင် အမြင့်ဆုံးစျေးရရှိခြင်း၊ စျေးကွက်တွင် ရောင်းအားကောင်းခြင်းတို့ကြောင့် တောင်သူနှင့် ဆန်ကုန်သည်များပါ ကြိုက်နှစ်သက်ကြသဖြင့် ရွှေဘိုပေါ်ဆန်းအမည်ဖြင့် နာမည်ရလာကာ စိုက်ပျိုးဧရိယာများ တိုးတက်လာခဲ့သည်။

ယခင်က ပေါ်ဆန်းကို အောက်မြန်မာပြည်တွင်သာ လူသိများခဲ့ပြီး ယနေ့အချိန်အခါတွင် ရွှေဘိုပေါ်ဆန်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာထိ သိရှိခဲ့ကြသည်။ ဧရာပေါ်ဆန်းစားသုံးမှုကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရပြီး ရွှေဘိုပေါ်ဆန်းကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစားသုံးသည်ကို တွေ့ရှိရသည်။

မြန်မာ့ပေါ်ဆန်းကို မြန်မာတစ်ပြည်လုံးသာမက ကမ္ဘာသီအောင် ခြေလှမ်းများလည်း စတင်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ပေါ်ဆန်းကို မြန်မာ့ပုလဲဆန်အမည်ဖြင့် မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် "၂၀၀၉ ခုနှစ် ကမ္ဘာ့ဆန်စပါးညီလာခံ"(2009 World Rice Conference)တွင် ဖျာပုံပေါ်ဆန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာသည် ပေါ်ဆန်းကို စတင်သိရှိခဲ့ပြီး ၂၀၁၁ ခုနှစ် ယှဉ်ပြိုင်ပွဲတွင် မြန်မာ့ပေါ်ဆန်းသည် အမှတ်(၁၅)မှတ်ပေးရာတွင် (၁၄)မှတ်ရရှိပြီး ထိုင်းနိုင်ငံ ဂျပ်စ်စမင် ဆန်ထက်သုည ဒသမ ၂၅ မှတ်အပိုဖြင့် ပထမဆုရရှိကာ

၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ပေါ်ဆန်းဇုန်ဧက ၂၀၀ စိုက်ခင်း

တစ်ကမ္ဘာလုံးမှ သိသွားခဲ့ကြသည်။

စိုက်ပျိုးထုတ်လုပ်ခြင်း

ပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနှင့် အကျိုးအမြတ်တို့ကိုတိုးမြှင့်ရန် ဆောင်ရွက်နိုင်သည့်နေရာများမှာ မျိုးစေ့ရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ သီးနှံစိုက်ပျိုးမှု၊ ရေစီမံခန့်ခွဲမှု၊ မြေဆီလွှာစီမံခန့်ခွဲမှု၊ သီးနှံကာကွယ်ရေးစီမံခန့်ခွဲမှု၊ ရိတ်သိမ်းခြင်းနှင့်ခြေလှေခြင်း၊ အခြောက်ခံခြင်းနှင့် သိမ်းဆည်းသိုလှောင်ခြင်းတို့ ဖြစ်သည်။

အရည်အသွေးမှန်ကန်သော မျိုးစေ့များကိုအသုံးပြုလျှင် အထွက်နှုန်း ၅ မှ ၂၀ ရာခိုင်နှုန်းထိ တိုးနိုင်ပြီး ထွက်လာသည့် စပါးအရည်အသွေးကောင်းမွန်သကဲ့သို့ စျေးကွက်လက်ခံနိုင်မှုသည်လည်း တိုးလာသည်။ ကိုယ့်မျိုးကိုယ်ထားစနစ်ဖြင့် ကိုယ်ပိုင်မျိုးများကို စိုက်ပျိုးမည့်အစားမျိုးစေ့ အသိအမှတ်ပြုလက်မှတ်ရရှိသော စီးပွားဖြစ်မျိုးသန့်မျိုးစေ့ကိုသာ အသုံးပြုသင့်သည်။ မြေပြုပြင်ရာတွင် တမန်းကောင်းပြီး မြေအနိမ့်အမြင့်ညီညာအောင် ပြုပြင်ရမည်။ ပျိုးခင်းကို မြေဆီသြဇာထက်သန်သောနေရာတွင် ပြုလုပ်ရမည်။ ပျိုးသက် ရက် ၂၀ မှ ၂၅ ရက်သားတွင် ချက်ချင်းနုတ်၍ ချက်ချင်းပြောင်းရွှေ့စိုက်ပျိုးရမည်။ ကောက်စိုက်ရာတွင် လက်ဆ ၂-၃ ပင် နှုန်းဖြင့် တန်ကြား၊ ပင်ကြား ၈ x ၈ လက်မ သို့မဟုတ် ၈ x ၆ လက်မ စိုက်ပျိုးရမည်။ သို့မှသာ တစ်ဧက ကောက်ကွက် တစ်သိန်းမှ ၁ ဒသမ ၃ သိန်းထိ ဝင်ဆံ့နိုင်မည်ဖြစ်သည်။

ပုံမှန်ရေစီမံခန့်ခွဲမှုတွင် စပါးပင်သည် အပင်သက်တမ်းအများစုအတွက် ရေပြည့်ဝသော မြေဆီလွှာတွင် ကြီးထွားသည်။ မျက်နှာပြင်ရေသည် ပေါင်းနှိမ်နင်းရာတွင် အသုံးပြုခြင်းမှတစ်ပါး မလိုအပ်ပါ။ စပါးစိုက်ပျိုးပြီး နှစ်ပတ်အတွင်း အပင်ငယ်များ ရေမမြုပ်စေရန် သတိပြုရမည်။ ရေသွင်း၊ ရေထုတ် မှန်ကန်စေပြီး အစိုတစ်လှည့် အခြောက်တစ်လှည့် သို့မဟုတ် ရေသွင်းရေခန်းစနစ်ကိုကျင့်သုံးနိုင်သည်။ မြေဆီလွှာသည် သီးနှံပင်များ ရှင်သန်ကြီးထွားမှုကိုထောက်ပံ့ပေးရန် အာဟာရဓာတ်များဖြင့် ပြည့်ဝနေရပါမည်။

သီးနှံကာကွယ်ရေးတွင် ဖျက်ပိုး၊ ရောဂါနှင့်ပေါင်းတို့ကို ဘက်စုံကာကွယ်နှိမ်နင်းရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်သင့်သည်။ ဓာတုဆေးများကိုအတတ်နိုင်ဆုံးလျှော့ချကာ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် ဓာတုဓာတ်ကြွင်းအန္တရာယ်ဖြစ်မှု မရှိအောင် ဆောင်ရွက်ရမည်။ သမားရိုးကျနည်းလမ်းတွင် စပါးကိုရိတ်ပြီး စပါးထုံးများကို ပုံထားပြီးနောက် ခြွေလှေ့ရာတွင် နွား၊ လူဖြင့် ပြုလုပ်လေ့ရှိသည်။ စပါး အရည်အသွေးကောင်းစေရန် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုသင့်ပေသည်။ ခြွေလှေ့ပြီး စပါးများကို လမ်းမများပေါ်၊ ကွင်းပြင်ပေါ်တွင် နေရောင်ခြည်ဖြင့် အခြောက်လှန်းရာတွင် အထူးသတိပြုရမည့်အချက်မှာ စပါးအခြောက်မညီလျှင် ဆန်ကြိတ်သည့်အခါ အကျိုးအကြေများသည့်အပြင် ထွက်လာသည့်ဆန်သည်လည်း အရည်အသွေးနိမ့်တတ်သည်။ ထို့ကြောင့် စပါးအခြောက်ခံစက်များဖြင့်သာ အခြောက်ခံသင့်သည်။ စပါးကို သိမ်းဆည်းသိုလှောင်ရာတွင် ဂုန်နီအိတ်များ၊ မိရိုးဖလာဂိုဒေါင်များ၊ တောင်းများ၊ ဝီပါများနှင့် အခြားသိုလှောင်စရာပစ္စည်း တစ်မျိုး မျိုးဖြင့် လယ်ကွင်းထဲရှိတဲ သို့မဟုတ် အိမ်ရှိ ကျီတို့တွင် သိုလှောင်ကြသည်။ အင်းဆက်ပိုးမွှားများ၊ ကြွက်များကြောင့် သိုလှောင်ချိန်တွင် အလေအလွင့်များဖြစ်နိုင်ပြီး အစိုဓာတ်များပြားနေလျှင် အရည်အသွေးကျဆင်းလာနိုင်သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ထုတ်လုပ်သော လေလုံပိတ်သိုလှောင်မှုစနစ်ကို အသုံးပြုသင့်သည်။

ပြုပြင်မွမ်းမံပြင်ဆင်ထုပ်ပိုးခြင်း

ပြုပြင်မွမ်းမံပြင်ဆင်ထုပ်ပိုးခြင်း ပထမအဆင့်တွင် စပါးကို သန့်ရှင်းခြင်း၊ အခြောက်လှန်းခြင်းနှင့် သိုလှောင်ခြင်းတို့ပါဝင်သည်။ ဒုတိယအဆင့်အနေဖြင့် စပါးကြိတ်ခွဲရာတွင် ဆန်အရည်အသွေးကောင်းအောင် ကြိတ်ခွဲစက်များ၏အရည်အသွေးအဆင့်မီရန် လိုအပ်သည်။ ဆန်စက်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆန်စက်၏စက်စွမ်းအားပိုင်းတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးရမည်။ ခေတ်မီဆန်စက်များတွင် စပါးချိန်စက်၊ အစိုဓာတ်တိုင်းတာစက်၊ အခြောက်ခံစက်၊ သိုလှောင်စက်၊ ကြိတ်ခွဲစက်၊ စပါးအခွံချွတ်စက်၊ သန့်စင်စက်၊ ဖွပ်စက်၊ အရောင်တင်စက်၊ အရောင်ရွေးစက်၊ ဆန်အရည်အသွေးခွဲခြားတိုင်းတာစက်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြသည်။

ခေတ်မီဆန်စက်များမှထွက်လာသော အရည်အသွေးမြင့်ဆန်ကို သေသပ်၊ လှပ၊ သန့်ရှင်းသော ထုပ်ပိုးမှုပုံစံဖြင့်ထုပ်ပိုးရမည်။ ထုပ်ပိုးမှုကောင်းလျှင် ဆန်၏ အရည်အသွေးနှင့် လတ်ဆတ်မှုကို ထိန်းထားနိုင်သည်။ ကောင်းမွန်သောထုပ်ပိုးမှုသည် အစိုဓာတ်ဆုံးရှုံးမှု၊ အောက်ဆီဂျင်နှင့်ထိတွေ့မှုနှင့် ပိုးမွှားများ ဝင်ရောက်မှုတို့ကို တားဆီးနိုင်သည်။ ထို့ပြင် ထုပ်ပိုးမှုသည် အမှတ်တံဆိပ်တစ်ခု၏ ဂုဏ်သတင်းနှင့် စားသုံးသူတို့၏ ကျေနပ်မှုတို့အပေါ် သက်ရောက်မှုရှိသည်။

စျေးကွက်တင်ရောင်းချခြင်း

ယနေ့ခေတ်တွင် စျေးကွက်စီးပွားရေးစနစ်နှင့်အညီ စျေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချလျက်ရှိရာ စျေးကွက်တင်ရောင်းချခြင်းနည်းပညာသည် အလွန်အရေးကြီးလာသည်။ သမားရိုးကျ နည်းလမ်းများဖြင့် လုပ်ဆောင်နေမည့်အစား အွန်လိုင်း၊ အော့ဖ်လိုင်းနှစ်မျိုးပေါင်းစပ်ပြီး အီလက်ထရွန်နစ်ကုန်သွယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရန် ကြိုးစားသင့်သည်။ အင်တာနက်တွင် ဝက်ဆိုဒ်များ၊ မိုဘိုင်းအပလီကေးရှင်းများ၊ အွန်လိုင်းစျေးကွက်နေရာများတွင် မိမိ၏ထုတ်ကုန်များကိုသိုလှောင်ခြင်း၊ ရောင်းချရန်ပြသခြင်းတို့ကို ဆောင်ရွက်ပြီး နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ လက်လီရောင်းချသူများ၊ စားသုံးသူများနှင့် တိုက်ရိုက်ချိတ်ဆက်ကာ ရောင်းချနိုင်သည်။

တောင်သူဝင်ငွေတိုးပြီး နိုင်ငံတော်ရွေသီးစေဖို့ ပိုင်းဝန်းကြိုးစားစို့

ဆန်သည် မြန်မာနိုင်ငံ၏ မရှိမဖြစ် အခြေခံစားသောက်ကုန်ဖြစ်သကဲ့သို့ ပြည်ပတင်ပို့ရန် အရေးပါသော စိုက်ပျိုးရေးထုတ်ကုန်လည်းဖြစ်သည်။ နိုင်ငံတော်၏ GDP ကိုတွက်ရာတွင် လယ်ယာကဏ္ဍမှ ဆန်စပါးလုပ်ငန်းသည် အဓိကကျသည့်လုပ်ငန်းဖြစ်သည်။ ရှေးယခင်ကတည်းက ဆန်သည် ပြည်ပဝင်ငွေကို အများဆုံးရှာပေးနိုင်သဖြင့် ယနေ့အချိန်တွင် ကမ္ဘာသီ မြန်မာ့ပေါ်ဆန်းကို နိုင်ငံခြားဝင်ငွေရရှိရန် ယခုထက်ပိုမို နိုင်ငံတကာစျေးကွက်တွင် ကျယ်ပြန့်စွာရောင်းချနိုင်အောင် ကြိုးစားဆောင်ရွက်သင့်သည်။

နိုင်ငံခြားသို့တင်ပို့သော စိုက်ပျိုးထုတ်ကုန်များသည် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရရှိစေသကဲ့သို့ တောင်သူများအတွက်လည်း စျေးကောင်းရကာ ဝင်ငွေတိုးကြသည်။ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် စားရေရိက္ခာဖူလုံရေး၊ MSME ကဏ္ဍနှင့် ပို့ကုန်မြှင့်တင်ရေး စသည့်မူဝါဒများနှင့်အညီ ၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ရရှိခဲ့သော မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာစျေးကွက်တွင် ကမ္ဘာ့ပေါ်ဆန်းဖြစ်လာအောင် ရောင်းချနိုင်ပါက တောင်သူများလည်း စျေးကောင်းရ၍ ဝင်ငွေတိုးပြီး နိုင်ငံတော်လည်း ပြည်ပဝင်ငွေရကာ ရွှေသီးနိုင်မည်မှာ အမှန်ဖြစ်သောကြောင့် ပေါ်ဆန်းစပါး အရည်အသွေးပြည့်မီ အထွက်နှုန်းကောင်းစေရေးအတွက် ပိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စေတနာအပေါင်းနှင့် ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

- **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(၂၀၀၉)၊ "မြန်မာ့ပေါ်ဆန်းစပါး" စာအုပ်။**
- **သန်းထွန်းအောင်(ဦး)(၂၀၀၄)၊**
- **"မြန်မာ့ဆန် အရည်အသွေးမြင့်မားရေးအတွက် လိုအပ်မည့်ဆန်ကြိတ်ခွဲရေး အယူအဆသစ်" စာတမ်း၊**
- **မြန်မာ့ဆန်စပါး စာတမ်းများ စာအုပ်၊ မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့။**

အတူး ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလတတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

ရန်ကုန် အောက်တိုဘာ ၁၀

Toe Tat Film Production က ရိုက်ကူးထုတ်လုပ်သည့် အတူး ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလတတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါ အတူးရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ အတူးရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဝင်းလွင်ထက်က ခံစားရေးဖွဲ့ထားပြီး ဒီဒီထက်အောင်က ဇာတ်ညွှန်းရေးသားကာ Toe Tat Film Production အတွက် ရှမ်းပြည်နယ် ဘော်ဆိုင်းမြို့၏ ရှုခင်းအလှအပများကြားတွင် ဒါရိုက်တာ ဝင်းလွင်ထက်က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ကျွန်တော် ရှေ့မှာ ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေနဲ့ လုံးဝမတူတဲ့၊ မရိုက်ဖူးသေးတဲ့ ရုပ်ရှင်ဇာတ်ကား ပုံစံမျိုးကို ကိုမြင့်မြတ်၊ ပိုးတို့နဲ့ ရိုက်ကူးထားပါတယ်။ ကိုမြင့်မြတ်ကိုတော့ အတူးဆိုတဲ့ ရိုးသားပြီး ဆင်းရဲတဲ့ လူငယ်ဇာတ်ကောင် နေရာက မြင်ရမှာပါ။ ရိုးလွန်းပေမဲ့ ချစ်တတ်တဲ့ အတူး၊ ဂုဏ်ရည်မတူ၊ အဆင့်အတန်း မတူသူကိုမှ အသည်းစွဲချစ်မိတဲ့ အတူးတစ်ယောက်၊ ပတ်ဝန်းကျင်ရဲ့ ဖိနှိပ်တာတွေကြားမှ ချစ်မိတဲ့ ဒေါက်တာမလေးကို ရအောင်ယူ သွားနိုင်မလား၊ လဲပြိုကျရှုံးသွား မလားဆိုတာတော့ ငွေရောင်ပိတ်ကားထက်မှာ ကြည့်ရှုအဖြေထုတ်ပေးဖို့ ဖိတ်ခေါ်လိုက်ရပါတယ်" ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါ အတူးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရန်အောင်၊ ကေညီ၊ ဂျိုကာ၊ ကျော်ထူး၊ ဇော်ဝင်းနိုင် (မန်း)၊ ဥသြ၊ ပိုးမမှီသာ၊ စနိုးကြည် ဖြူ စသည့်အနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

Ocean's 14 ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ်အတွင်း စတင်ရိုက်ကူးဖွယ်ရှိ

နယူးယောက် အောက်တိုဘာ ၁၀

ဝါနာဘရားသားကုမ္ပဏီအနေဖြင့် Ocean's 14 ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ်အတွင်း စတင်ရိုက်ကူးဖွယ်ရှိကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

Ocean's 14 ဇာတ်ကား စတင်ရိုက်ကူးနိုင်ဖွယ်ရှိသည့် အချိန်ကို အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် မင်းသား ဂျော့ကလိုနေးက အတည်ပြုပြောကြားထားခြင်းဖြစ်သည်။

ဝါနာဘရားသားကုမ္ပဏီအနေဖြင့် Ocean's 14 ဇာတ်ကားအတွက် အသုံးစရိတ်ကို အတည်ပြုပေးထားပြီးဖြစ်ရာ ရိုက်ကူးရေးလုပ်ငန်းကို လာမည့်နှစ်အတွင်း စတင်နိုင်ကြောင်း ဂျော့ကလိုနေးက တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ထုတ်ဖော်ပြောကြားထားသည်။

Ocean's 14 ဇာတ်ကားသည် ၂၀၀၁ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သည့် Ocean's ဘဏ္ဍာ အနုကြမ်းစီးဇာတ်ကားသုံးကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ocean's 14 ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်လက်ကတာဝန်ယူ ရိုက်ကူးပေးဖွယ်ရှိကြောင်း သိရသည်။

Ocean's 14 ဇာတ်ကားတွင် ယခင် Ocean's ဇာတ်ကားများမှ မင်းသား ဘရက်ပစ်၊ မက်ဒါမွန်တို့လည်း ပါဝင်လာနိုင်ကြောင်း ဂျော့ကလိုနေးက ပြောကြားထားသည်။

Ref : Sputnik News

Trs : KKO

၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံးက ငွေကျပ် ၁၀ သိန်း လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၀

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲအတွက်အနုပညာလောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးက အလှူငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ကွက် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင် သက်ကြီးပူဇော်ပွဲကိုတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာ

မို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ နှစ်စဉ် လှူဒါန်းနေကျဖြစ်တဲ့ မြန်မာနိုင်ငံဂီတ အစည်းအရုံးကလဲ ဒီနှစ်မှာ ငွေကျပ် ၁၀ သိန်း လာရောက် လှူဒါန်းသွားပါတယ်"ဟု ဒုတိယ ဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ ကို ငွေသားအပါအဝင် စားသောက်ကုန် ပစ္စည်းများဖြင့် ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

ASH

Rush အက်ရှင်ဒရာမာဇာတ်ကား၌ မင်းသား မက်ဝဲဂျန်ကင်း ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၁၀

Rush အမည်ရှိ အက်ရှင်ဒရာမာဇာတ်ကား၌ မင်းသား မက်ဝဲဂျန်ကင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

Rush ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်နောက်ခံ အက်ရှင်ဒရာမာ ဇာတ်ကားဖြစ်ပြီး မင်းသားမက်ဝဲဂျန်ကင်းအပြင် မင်းသားသောမတ် နစ်ဆိုးဆင်နှင့် မင်းသမီး ကလိုးလိုင်ဆန်တို့ ပါဝင်မည်ဖြစ်သည်။

Rush ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် ကမ္ဘာကျော် ရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာ ဂျိတ်ဗင်ဝက်ဂွန်နာက တာဝန်ယူထားကြောင်း သိရသည်။

မင်းသား မက်ဝဲဂျန်ကင်းနှင့် ထုတ်လုပ်သူ ဒါရိုက်တာ ဂျိတ်ဗင်ဝက်ဂွန်နာတို့သည် Arcadian ဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

Rush ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ဗင်ဝက်ဂွန်နာကပင် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

One Battle After Another ဇာတ်ကားရုံတင်ပြီး ဒုတိယပတ်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ သန်းထိ ရရှိ

နယူးယောက် အောက်တိုဘာ ၁၀

ဝါနာဘရားသား ကုမ္ပဏီ၏ One Battle After Another ဇာတ်ကားသည် ရုံတင်ပြီး ဒုတိယသီတင်းပတ် ဝင်ရောက်ချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ သန်းထိ ရရှိထားကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် One Battle After Another ဇာတ်ကားကို စက်တင်ဘာ ၂၆ ရက်တွင် စတင် ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

One Battle After Another ဇာတ်ကားသည် ဟာသအက်ရှင် ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ပေါသောမတ်က ရိုက်ကူးပေးထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား လီယိုနာဒိုဒီကာပရီယိုက ထွက်ပြေး တိမ်းရှောင်နေသော တော်လှန်ရေး သမားဟောင်း တစ်ဦးအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် One Battle After Another ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၃၀ ထိ သုံးစွဲထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့် အတူ မင်းသား ရှောင်ပင်း၊ ဘင်နီစီယို ဒယ်တိုရို၊ မင်းသမီး တီယာနာ တေလာ၊ ချာဆီအင်ဖန်နတီတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attends ceremony to connect the Myanmar-Korea friendship bridge (Dala) in Yangon Region through concrete pouring

Senior General Min Aung Hlaing formally opens the ceremony to connect the Myanmar-Korea friendship bridge (Dala) in Yangon Region through concrete pouring.

Nay Pyi Taw October 10

A ceremony to connect the Myanmar-Korea friendship bridge (Dala) in Yangon Region through concrete pouring was held this morning. Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attended the ceremony and performed the process with a controller.

Also present at the ceremony together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers U Mya Tun Oo, Dr Charlie Than and U Myo Thant, Yangon Region Chief Minister U Soe Thein, senior military officers from Office of Commander-in-Chief, Yangon Command commander and officials.

The Senior General and party arrived at the venue and were welcomed by union ministers and officials. Union Minister for Construction U Myo Thant explained points of the Myanmar-Korea friendship bridge (Dala) project.

The ceremony began and the master of ceremonies reported on the bridge.

The Senior General presented fruit baskets to the engineering teams of the bridge project.

At the auspicious time, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing opened the ceremony by pushing a button, and performed the task to connect the bridge through cement pouring. The Senior General and party sprinkled scented water on the connected part.

The Senior General and party posed for documentary photos in commemoration of the ceremony. The ceremony then came to a close.

The Senior General and party inspected the construction progress of the Myanmar-Korea Friendship (Dala) Bridge and received reports from responsible officials. The Senior General then gave necessary instructions.

Senior General Min Aung Hlaing sprinkles scented water on the connected part of the bridge.

Senior General Min Aung Hlaing presents a basket of fruits for the engineering team.

The Myanmar-Korea Friendship (Dala) Bridge construction project was discussed during former President U Thein Sein's goodwill visit to Korea in 2012, aiming to implement one Myanmar-Korea friendship project in Myanmar. The project implementation began in 2013, and preliminary engineering and design work started in 2015 to enable the commencement of construction work. During the bridge construction period, work faced difficulties and delays due to the COVID-19 pandemic. However, the current government, during its tenure of state responsibility, was able to supplement the project with state funds, allowing for its completion. The Myanmar-Korea Friendship (Dala) Bridge is a cable-stayed steel bridge with four lanes. The main bridge length is 2,264 feet, the Yangon approach bridge is 1,891 feet, the Dala approach bridge is 1,972 feet, and the Yangon and Dala approach roads are 3,453 feet long, making the total length of the entire bridge structure 6,127 feet.

The Myanmar-Korea Friendship (Dala) Bridge is the cable-stayed bridge in Myanmar with the highest navigational clearance. It has a vertical clearance of 160 feet and a horizontal clearance of 990 feet, allowing the passage of international seafaring vessels of up to 15,000 tons and large domestic waterway vessels. The bridge's load capacity is 75 tons per vehicle. Myanmar engineers have gained experience in the design and construction of cable-stayed bridges, along with modern technologies and methodologies. Upon the final completion and opening of this major bridge, travel from Yangon City, Yangon Region, to Dala, Twantay, Kawhmu, and Kungyangon townships, as well as easily and quickly to towns in Ayeyawady Region, including those via Daydaye, such as Daydaye, Pyapon, Bogale, and coastal areas, will be facilitated. This is also expected to reduce the current traffic congestion in Yangon City to a certain extent. It is understood that development will advance in various sectors including social, economic, education, health, and transportation, and the bridge will also become a landmark of Yangon City.

100

Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing inspects Myanma Thakaung Advanced War Veterans Housing (Laydauntkan)

Senior General Min Aung Hlaing inspects Myanma Thakaung Advanced War Veterans Housing (Laydauntkan).

Nay Pyi Taw October 10

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, accompanied by Commission Secretary and Joint Executive Chief General Ye Win Oo, Union ministers, senior military officers from the Office of the Commander-in-Chief, the Chief Minister of Yangon Region, the commander of Yangon Command and officials, this morning inspected construction of more buildings at Myanma Thakaung Advanced War Veterans Housing (Laydauntkan) in Dagon Myothit (South) Township of Yangon Region.

When the Acting President and SSPC Chairman of the Republic of the Union of Myanmar and party arrived at the housing, Quartermaster-General Lt-Gen Zaw Hein reported on accomplishment of the guidance given by the Head of State, a plan to build the solar plant for the housing area, efforts to complete the more buildings on time, construcion of the brick drains in the housing to ensure proper flow of water.

In his response, the Acting President and SSPC Chairman of the Republic of the Union of Myanmar said that Myanma Thakaung Advanced War Veterans Housing (Laydauntkan) is being built as a model housing with the aim of contributing to development of Yangon city on one hand. It is necessary to improve the drains to have proper flow of water under the relevant criteria and to unblock the flow of water systematically. Roads in the housing yard must be improved as asphalt facilities. The housing must be facilitated with the school, water and power supply. Emphasis must be placed on operating livestock and agricultural activities to support food supply of war veterans and families. And, it needs to grow shade and windbreak plants continuously.

Senior General Min Aung Hlaing hears report on progress of Laydauntkan shopping complex construction.

Senior General Min Aung Hlaing inspects an area of Dagon Myothit (South).

The Acting President and SSPC Chairman of the Republic of the Union of Myanmar and pary visited the housing area by car and cordially greeted war veterans and families residing at the housing.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and party inspected progress of Shopping Complex being built at the corner of Bayintnaung Road and No 7 Highway near Myanma Thakaung Advanced War Veterans Housing (Laydauntkan) and gave necessary guidance to officials.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and party toured Dagon Myothit (East) and (South), Thingangyun, Thakayta, Tamway, Bahan, Dagon and Kamayut townships by car and gave guidance to officials to supervise shops along both sides of roads to sell goods under prescribed disciplines, manage proper flow of water and improvement of drainage systems in downtown Yangon, implement the green zone systematically, maintain roads to meet the road standards, and keep buildings clean, neat and tidy.

100

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

အိန္ဒိယက အဆင့်မြင့်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များပံ့ပိုးရန် Paras ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့

အိန္ဒိယနိုင်ငံသည် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များအတွက် အဆင့်မြင့်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ ပံ့ပိုးရန် Paras Anti-Drone Technologies ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်းတန်ဖိုးရှိ သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ချုပ်ဆိုခဲ့သော ဤမှာယူမှုတွင် လုံခြုံရေးမြင့်မားသည့်နေရာများနှင့် နယ်စပ်ဇုန်များရှိ ရန်သူ့မောင်းသူမဲ့လေယာဉ်များ(UAVs)ကို ထောက်လှမ်းရန်နှင့် တန်ပြန်တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသော ဂျမ်မာများ ပါဝင်သည်။

Paras ကုမ္ပဏီက ၎င်း၏စနစ်များသည် ထောက်လှမ်းရေး သို့မဟုတ် တိုက်ခိုက်ရေးအတွက်အသုံးပြုနိုင်သော ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လာသည့်ဒရုန်းများကို ကြားဖြတ်ဖျက်ဆီးရန် ရေဒီယိုကြိမ်နှုန်းနှောင့်ယှက်ဖျက်ဆီးခြင်းနှင့် အချက်ပြဖျက်ဆီးခြင်းတို့ကို အသုံးပြုနိုင်သည်ဟု ပြောကြားခဲ့သည်။

၎င်းတို့သည် 400 MHz မှ 6 GHz ထိ ကြိမ်နှုန်းများကို လွှမ်းခြုံနိုင်ပြီး မတူညီသော ပတ်ဝန်းကျင်အမျိုးမျိုးရှိ ခြိမ်းခြောက်မှု အမျိုးအစားအလိုက် အပြည့်အဝ တန်ပြန်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

Paras ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Ashutosh Baheti က ဤစာချုပ်သည် ကုမ္ပဏီ၏ ပထမဆုံးသော အဓိကပြည်တွင်းစာချုပ်ဖြစ်ပြီး ဒရုန်းများမှာ အခွင့်အလမ်းတစ်ခုဖြစ်သကဲ့သို့ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ပေါ်ပေါက်လာသည့်အချိန်နှင့် ကိုက်ညီနေသည်ဟု ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ လက်နက်ကိုင်တပ်ဖွဲ့တွေကိုအားကောင်းစေပြီးအမျိုးသားလုံခြုံရေးကို ကာကွယ်ပေးမဲ့ ထိရောက်တဲ့ အိန္ဒိယထုတ် ဖြေရှင်းချက်တွေကို ပေးအပ်ဖို့ပါပဲ" ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နယ်စပ်များတစ်လျှောက် လေကြောင်းခြိမ်းခြောက်မှုများ တိုးလာခြင်းကြောင့် တန်ပြန်ဒရုန်းနည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်လျက်ရှိသည်။ ဂျမ်မူးနှင့် ပန်ဂျပ် ဒေသများတွင်ဖြစ်ပွားခဲ့သော ကျူးကျော်မှုများတွင် ပါကစ္စတန်နယ်စပ်မှတစ်ဆင့် လက်နက်၊ မူးယစ်ဆေးဝါးနှင့် ထောက်လှမ်းရေးပစ္စည်းများပို့ချရန်အတွက် ဒရုန်းများအသုံးပြုခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။

အိန္ဒိယလေတပ်သည် လေတပ်အခြေစိုက်စခန်း ကာကွယ်ရေးအတွက် အလားတူစနစ်များကို ပေါင်းစပ်ထည့်သွင်းထားပြီး နယ်ခြားလုံခြုံရေးတပ်ဖွဲ့ကလည်း ပါကစ္စတန်နယ်စပ်တစ်လျှောက် တန်ပြန်ဒရုန်းတပ်ဖွဲ့များ ဖြန့်ကြက်ချထားခဲ့သည်။

၂၀၂၃ ခုနှစ် G20 ထိပ်သီးအစည်းအဝေးနှင့် သမ္မတနေ့အခမ်းအနားများကဲ့သို့ အဓိက ပွဲကြီးများအတွင်းတွင်လည်း ဂျမ်မာများနှင့် အာရုံခံကိရိယာများ အသုံးပြု၍ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို အသုံးပြုခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ တီထွင်ထုတ်လုပ်သည့် တန်ပြန်ဒရုန်းနည်းပညာများကို ပိုမိုကျယ်ပြန့်စွာအသုံးပြုရန်အတွက် အစိုးရပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိက စွန့်ဦးတီထွင်လုပ်ငန်းများ နှစ်ခုလုံးကို အားပေးမြှင့်တင်လျက်ရှိသည်။ ဤတွန်းအားသည် နိုင်ငံခြားမှ ပံ့ပိုးသူများ အပေါ်မှီခိုအားထားမှုကို လျှော့ချကာ ရေရှည်တည်တံ့သော ပြည်တွင်းကာကွယ်ရေးဂေဟစနစ်ကို တည်ဆောက်ရန် ရည်ရွယ်သည့် ကိုယ့်အားကိုယ်ကိုးအိန္ဒိယ မူဝါဒနှင့် ကိုက်ညီလျက်ရှိကြောင်း သိရသည်။

India Awards $5.2M Contract to Paras for Homegrown Anti-Drone Systems ကို ဘာသာပြန်ဆိုထားပါသည်။

ဂျာမနီနှင့် ဆွစ်ဇာလန်တို့က Patriot စနစ်ဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပူးတွဲဝယ်ယူရန်စီစဉ်နေ

ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် ဥရောပလုံခြုံရေးနှင့် စစ်ဆင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း အဆင့်မြှင့်တင်ရန်အတွက် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပူးတွဲဝယ်ယူရန် စီစဉ်နေကြသည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius နှင့် ဆွစ်ဇာလန်ကာကွယ်ရေးဝန်ကြီး Martin Pfister တို့သည် European Sky Shield Initiative (ESSI) မူဘောင်အောက်တွင် ဝယ်ယူရေးနှင့် လေ့ကျင့်ရေးများအတွက် ပေါင်းစပ်ညှိနှိုင်းရန်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ESSI သည် ဥရောပတစ်ဝန်းလုံးတွင် ပေါင်းစပ်ထားသော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ကွန်ရက်တစ်ခု ဖန်တီးရန်ရည်ရွယ်သည့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီးက နိုင်ငံနှစ်ခုစလုံးသည် ညှိနှိုင်းဝယ်ယူခြင်း၊ လေ့ကျင့်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှုတို့မှ တစ်ဆင့်ကုန်ကျစရိတ်များကို ချွေတာရင်း ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကို ခေတ်မီလက်နက်စနစ်များ တပ်ဆင်ရန် ရည်မှန်းချက်ချင်း တူညီကြကြောင်း ပြောကြားခဲ့သည်။

ဂျာမနီလေတပ်ရှိ တပ်ရင်းတပ်ဖွဲ့များသည် ဆွစ်ဇာလန်တပ်မတော်၊ တပ်ဖွဲ့ဝင်များကို Patriot လက်နက်စနစ်နှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးရာတွင် ပါဝင်နိုင်၊ မပါဝင်နိုင်ကို ဂျာမနီနိုင်ငံ ဘက်က ဆန်းစစ်နေကြောင်းကိုလည်း ၎င်းက အတည်ပြုခဲ့သည်။

Pfister က လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ရှုပ်ထွေးနက်နဲလာသည့် လုံခြုံရေးအခြေအနေအရ ထိရောက်သောကာကွယ်ရေးသည် နယ်နိမိတ်ကျော်လွန်၍သာဖြစ်နိုင်သည်ဟုဆိုကာ အဆိုပါ ပူးပေါင်းဝယ်ယူမှုကို ဝမ်းပန်းတသာ ကြိုဆိုခဲ့သည်။

လေကြောင်းရန်ကာကွယ်ရေးအပြင် နှစ်နိုင်ငံ စက်မှုနှင့် စစ်ဆင်ရေးဆိုင်ရာ ဆက်ဆံရေးများကို နက်ရှိုင်းစေရန်အတွက် RCH 155 ဘီးတပ် ဟောင်ဝစ်ဇာ အမြောက်နှင့် F-35A တိုက်လေယာဉ်တို့ကို ဝယ်ယူရာတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေကြသည်။

NATO မဟာမိတ်များကြားတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော Patriot လက်နက်စနစ်သည် ဥရောပ၏ အဓိက မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးလက်နက်များထဲမှ တစ်ခုဖြစ်လာခဲ့သည်။ ၎င်းကို ဂျာမနီ၊ နယ်သာလန်၊ စပိန်နှင့် ပိုလန်နိုင်ငံတို့တွင် ဖြန့်ကြက်ချထားပြီး ယူကရိန်းနိုင်ငံကိုလည်း ပံ့ပိုးပေးထားခဲ့သည်။ ယူကရိန်းတွင် ၂၀၂၃ ခုနှစ်ကတည်းက ရုရှားဘက်၏ ပဲ့ထိန်းနှင့် ခရူဇီဒုံးကျည်များကို ကြားဖြတ်ဟန့်တားရာတွင် အသုံးပြုနိုင်ခဲ့ကြသည်။

ဤနောက်ခံအခြေအနေတွင် မကြာသေးမီက ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသည် ဥရောပ၏ဆက်လက်ဖြစ်ပေါ်နေသော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မီးမောင်းထိုးပြခဲ့သည်။

တရားဝင်အားဖြင့် ဘက်မလိုက်သည့် နိုင်ငံဖြစ်သော်လည်း ဆွစ်ဇာလန်နိုင်ငံသည် ဥရောပ၏ ကာကွယ်ရေးကဏ္ဍဆိုင်ရာစီမံကိန်းများတွင် ပိုမိုပါဝင်လာခဲ့ကြသည်။ ဆွစ်ဇာလန်ကာကွယ်ရေးဝန်ကြီးက ESSI တွင် ဆွစ်ဇာလန်၏ အခန်းကဏ္ဍသည် လေကြောင်းရန်ကာကွယ်ရေးညှိနှိုင်းဆောင်ရွက်ရေးအတွက် အရေးပါသည်ဟုရှုမြင်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ဂျာမနီနှင့်ဆွစ်ဇာလန်ဝန်ကြီးတို့သည် အနောက်ဘော်လကန်ဒေသရှိ ပူးတွဲလုပ်ငန်းဆောင်တာများကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြသည်။ ထိုဒေသတွင် ဂျာမနီနှင့် ဆွစ်ဇာလန်တပ်ဖွဲ့များသည် Althea စစ်ဆင်ရေးများတွင် အတူတကွ ဆက်လက်လုပ်ဆောင်နေကြသည်။

ရှေ့အလားအလာအနေဖြင့် ဂျာမနီနှင့် ဆွစ်ဇာလန်ဝန်ကြီးတို့သည် ဥရောပ ကာကွယ်ရေးနှင့် လက်နက်ခဲယမ်းညှိနှိုင်းမှုများပိုမိုနီးကပ်စေရန် နောက်ထပ်လုပ်ဆောင်မှုများအနေဖြင့် ဩစတြီးယားနိုင်ငံနှင့်အတူ သီးခြားထိပ်သီးအစည်းအဝေးတစ်ခုကို လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ထပ်မံတွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

Germany, Switzerland Move Toward Shared Air Defense With Patriot System ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၈၃၁ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

တန့်ဆည် အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၈၃၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်း ၄၈၃၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်း စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာပါ။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။ (၂၀၆)

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ဧရာပဒေသာ စပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလ အတွင်း ဧရာပဒေသာစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလွဲက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် သြဂုတ်လအတွင်းက ဧရာပဒေသာစပါးတင်းရေ ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ အတွင်း ဧရာပဒေသာစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဧရာပဒေသာစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ဧရာပဒေသာ စပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်တယ်။အဲ့ဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး " ဟု ဗျာပုံမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလွဲက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လ အတွင်း တင်ပို့ရောင်းချခဲ့သည့် ဧရာပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ဧရာပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း ဗျာပုံမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလွဲက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ဘားအံမြို့နယ် နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ အောက်တိုဘာ ၁၀

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နောင်လုံဈေးတန်း ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက နောင်လုံဈေးတန်း ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၄၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ပြောပြ၍ သိရသည်။ **ကိုသက်**

မိုင်းဖြတ်မြို့နယ် ပါဆန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုင်းဖြတ် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ပါဆန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာလွင်နှင့် ခရိုင်၊မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပါဆန်း ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်လေးသိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၅၄ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ် ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ်လ ၁၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအား လုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာလွင်က ပြောပြ၍ သိရသည်။

ဧင်မာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားအား Con-troller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာချာလီသန်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်း လက်ဆောင် ပေးအပ်စဉ်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်း လက်ဆောင်များပေးအပ်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး Controlla အသုံးပြု၍ ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်းကို ဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်း တံတားဆက်ထားသည့်နေရာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိတပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ – ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများစတင်နိုင်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်စဉ် ကာလအတွင်း ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားခြင်းနှင့် နှောင့်နှေးတွေ့ကြုံခဲ့ရသည့် လုပ်ငန်းအခက်အခဲများကို လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူထားသည့်အချိန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးရန် နိုင်ငံတော်ဘဏ္ဍာငွေ ဖြည့်တင်းဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ–ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားမှာ သံမဏိကြိုးဆိုင်းတံတား Cable–Stayed Bridge အမျိုးအစားဖြစ်ပြီး လေးလမ်းသွား တံတားဖြစ်ကြောင်း၊ ပင်မတံတားအရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ချဉ်းကပ်တံတားအရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်း ချဉ်းကပ်တံတားအရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်း ချဉ်းကပ်လမ်းအရှည်မှာ ၃၄၅၃ ပေ ဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်းအရှည်မှာ ၆၁၂၇ ပေ ဖြစ်ကြောင်း။

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားသည် မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိကြိုးဆိုင်းတံတားများအနက် ရေလမ်းကင်းလွတ်အမြင့်ဆုံး တံတားဖြစ်ပြီး တံတားအောက်မှ တန်ချိန် ၁၅၀၀ ရှိသည့် နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းရေကြောင်း သွားသင်္ဘောကြီးများ ဖြတ်သန်းအသုံးပြု နိုင်ရန် တံတားကင်းလွတ်အမြင့်ပေ ၁၆၀၊ အကျယ် ပေ ၉၉၀ ရှိကြောင်း၊ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ နည်းစနစ်များနှင့် အတွေ့အကြုံများကို ရရှိခဲ့ကြောင်း၊ ယခုတံတားကြီး အချောသတ် တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့သို့လည်းကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့လည်းကောင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားစေမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့၏ အထင်ကရ ပြယုဂ် (Landmark)တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်းဖြင့် သိရသည်။ (၅၀၁)

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၌ အဏ္ဏဝါမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေးနှင့် အဏ္ဏဝါသယံဇာတများ ပေါ်ကြွယ်ဝစေရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာ ၃၀၀၁၆၈ ဒသမ ၆၃ ဧကခွဲ အဏ္ဏဝါမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေးနှင့် အဏ္ဏဝါသယံဇာတများ ပေါ်ကြွယ်ဝစေရေး ဆောင်ရွက်လျက်ရှိကြောင်း လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် ကုန်းမြေ ၅၇၃၄၄ ဒသမ ၀၃ ဧကနှင့် ရေပြင် ၂၄၂၈၂၄ ဒသမ ၆ ဧကဖြင့် စုစုပေါင်းဧရိယာ ၃၀၀၁၆၈ ဒသမ ၆၃ ဧကကျယ်ဝန်းပြီး စုစုပေါင်းဧရိယာ၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသများဖြစ်ကာ ကျန်ဧရိယာများတွင် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော နှစ်ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော တစ်ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

“လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် ဧရိယာမှာ ကမ်းရိုးတန်းဂေဟစနစ် ရေရှည်တည်တံ့ဖို့၊ အဏ္ဏဝါမျိုးစိတ်တွေကို ထိန်းသိမ်းကာကွယ်ဖို့နဲ့ အဏ္ဏဝါသယံဇာတတွေ ကြွယ်ဝလာဖို့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ အချို့နေရာတွေဟာ လက်လှမ်းမမီနိုင်တဲ့အတွက် အထူးသဖြင့် တပ်မတော်(ရေ)နဲ့ပူးပေါင်းပြီး ချိတ်ဆက်ဆောင်ရွက်ရတာ ရှိပါတယ်။ ပြီးတော့ ဒေသခံဆလုံတွေကို အသိပညာပေးတာရှိတယ်။ ဝါးအလယ်ကျွန်းခရီးသွားလုပ်ငန်းရှိတဲ့အတွက် ကျွန်းမှာ ပလတ်စတစ်ကင်းစင်ရေး အသိပညာပေးတာ အပါအဝင် ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပါတယ်”ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက ပြောသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၁၉ မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ တွားသွားသတ္တဝါ ၁၉ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၁ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်းမျိုးစိတ် ၄၂ မျိုး၊ အပင်မျိုးစိတ် ၁၉၅ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော် ၇၃ မျိုး၊ အပင်မျှော phytoplankton မျိုးစိတ် ၁၃၆ မျိုး၊ အကောင်မျှော zooplankton မျိုးစိတ် ၁၅၀၊ ဒီရေတောအပင်မျိုးစိတ် ၆၃ မျိုး ရှင်သန်တည်ရှိနေသည့်အပြင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးရှိနေသည့် ရေဝက်၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော ဖျံအမွေးနု၊ မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှောင်သတ္တဝါများ ရှင်သန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သန့်ရှင်းလှပသောကမ်းခြေများ၊ ပင်လယ်ရှုခင်းများ၊ ဒီရေတောအလှများ၊ သစ်တောအတွင်း လှည့်လည်လေ့လာနိုင်သော ရှုခင်းများ၊ ကန္ဒးလှေစီး၍ လေ့လာနိုင်သော ဒီရေတောများ၊ ပင်လယ်လိပ်များ ဥချလေ့ရှိသည့် သောင်ပြင်များ၊ ရှားပါးငှက်များနှင့် ရေသတ္တဝါများ၊ ဧီဝမျိုးစုံမျိုးကွဲများ တည်ရှိနေမှုကြောင့် နိုင်ငံခြားသားခရီးသွားများနှင့် ရေနေသတ္တဝါ၊ သစ်တောနှင့် ရှားပါးငှက်လေ့လာသူများ အထူးစိတ်ဝင်စားသော နေရာတစ်ခု ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်) တည်ဆောက်မှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

ထပ်မံတိုးချဲ့ ဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများကိုသတ်မှတ်ချိန်အတွင်း ပြီးစီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အိမ်ရာအတွင်းရှိရေမြောင်းများကို အုတ်စီရေမြောင်းများအဖြစ် ပြုပြင်ဆောင်ရွက်ပြီး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)ကို ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အိမ်ရာအတွင်း ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာဝင်းအတွင်းရှိ လမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားရန် လိုကြောင်း၊ အိမ်ရာအတွက်လိုအပ်သည့် စာသင်ကျောင်းနှင့် ရေ၊ မီးလိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အိမ်ရာအတွင်း နေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ ၏စားရေးကို အထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အရိပ်ရ လေကာပင်များကိုလည်း စနစ်တကျ ဆက်လက်စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ၦင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့်အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ကမာရွတ်မြို့နယ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လမ်းဘေးဝဲယာရှိ စျေးဆိုင်များ စနစ်တကျဖြင့် ရောင်းချနိုင်ရေး သတ်မှတ်စည်းကမ်းများနှင့်အညီ ကြေပ်မတ်ဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာများ ကောင်းမွန်စေရေးနှင့် ရေထုတ်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်၊ Green Zone များကို စနစ်တကျဖော်ဆောင်သွားရန်နှင့် လမ်းများကို လမ်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်၊ အဆောက်အအုံများကို သန့်ရှင်းသပ်ရပ်တောက်ပြောင်မှုရှိနေစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြေး၍ ဆေးကုသမှု ခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer) ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ် ဆေးထိုးနှံ့မှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက "၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြု" တေးသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့" အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်တွင် ''Fund Resilience, Not Disasters'' "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ် တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်ပွားမှုကို လေ့လာရာတွင် ရေဘေးခံစားရနိုင်ခြေရှိသည့် လူဦးရေသည် ၁၉၇၀ ပြည့်နှစ်တွင် ၂၈ ဒသမ ၁ သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ဒသမ ၁ သန်းထိ ၂၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မိုးခေါင်ရေရှားဘေးသည် လွန်ခဲ့သည့်နှစ် ၂၀ ကျော်အတွင်း ၂၉ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ကြောင်း၊ အပူပိုင်းမုန်တိုင်းကြောင့် နှစ်စဉ်ခန့်မှန်းခြေ ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ နေအိမ်၊ စာသင်ကျောင်းတို့အပြင် လျှပ်စစ်၊ ပို့ဆောင်ဆက်သွယ်ရေးစသည့် ကဏ္ဍာပေါင်းစုံတွင် ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကျပ် ၇၉၇၉ ဘီလီယံ ကျော်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ၏ ဦးဆောင်လမ်းညွှန်မှု၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ငလျင်ဘေး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူများလက်တွဲညီစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်းအရ ထိခိုက်ဆုံးရှုံးနိုင်ခြေ နိုင်ငံ ၁၀ နိုင်ငံအနက် ဆဋ္ဌမမြောက် နေရာတွင်ပါဝင်နေသဖြင့် သဘာဝဘေး အမြင့်မားဆုံး လျှော့ပါးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်အနေဖြင့် အစဉ်တစိုက် အလေးထားလုပ်ဆောင်ကြရန် အလွန်အရေးကြီးကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများသာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေး လျှော့ပါးရေးဆိုင်ရာ အစီအမံများတွင် ရန်ပုံငွေကို ပိုမိုထည့်သွင်း ရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျှော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres ၏ သတင်းစကားရုပ်သံနှင့် မြန်မာနိုင်ငံတွင် ဆောက်ရွက်လျက်ရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှု မှတ်တမ်းတင်ဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း)တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့နှင့်အတူ ယနေ့ နေ့လယ်ပိုင်းတွင် မိုင်းဆတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် မိုင်းဆတ်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မိုင်းဆတ်ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိုင်းတုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့် အခြေအနေများ၊ ရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာပြီး မဲဆန္ဒရှင်စာရင်းတွင် ပုံစံ (၃)၊ ပုံစံ (၃-က)၊ ပုံစံ (၄)၊ ပုံစံ (၄-ဂ) တို့ဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ GRADE (12) တွင် ပညာသင်ကြားနေသော အသက် ၁၈ နှစ်နှင့်အထက် ဆန္ဒမဲပေးရမည့် ကျောင်းသား၊ ကျောင်းသူများကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးနိုင်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အား Installation လုပ်ဆောင်ခြင်းနှင့်မဲပေးစက် MEVM တွင် တပ်ဆင်အသုံးပြုရမည့် ဘက်ထရီများ အားသွင်းမှုကို နည်းမှန်လမ်းမှန်စွာ ဆောင်ရွက်ရမည့်အခြေအနေများ၊ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာကြီးကြပ်ရေးအဖွဲ့၊ နည်းပညာအထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ လုပ်ဆောင်ရမည့် အခြေအနေများ၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့တွင် မဲဆန္ဒရှင်အသိပညာပေး မြေစိုက်ပိုစတာ (Billboard) များ စိုက်ထူဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးတို့တွင် ခွင့်ပြုပေးရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ချပြရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေး၍ အစည်းအဝေးကို ရုပ်သိမ်းကာ မိုင်းဆတ်မြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားသည့် ရှစ်နေရာတို့ကို သွားရောက် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကပြိုင်ပွဲ အလွတ်တန်းအဆင့်ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မှ သာယာလှပမွန်ဒေသယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျေးလက်သဘာဝ၊ ကျေးလက်အလှအကအဖွဲ့၊ ကချင်ပြည်နယ်မှ လော်ဝေါ်ရိုးရာအကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာအိုးစည်နှင့် ယိမ်းအကအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ယဉ်ကျေးမှုရိုးရာ ဒုံးအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာသျှင်ဒိုင်အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မန်းအညာမြေအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်စိုးမင်းသူနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ တီးတိန်ရှောင်စောင်းအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ တောင်ဆုပန်ခြေကျေးလက်မြေအကအဖွဲ့၊ ရှမ်းပြည်နယ်မှ ဓနုတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ တို့ဘိုးဘွားအမွေဧရာမြေအကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်ပ်တို့မြန်မာပြည်" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထာဝရငြိမ်းချမ်းရေး" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ထို့အတူ စောင်းအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စောင်းတော်သိင်္ဂါ (ကြိုး)"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင်ပြောင်နာဂိန် (ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးသွန်းလောင်း(သီချင်းခံ)"သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဧင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ညောင်သစ္စာ (ဝတ်တော်ရုံ)" သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ စန္ဒရားအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မနက်ဖြန် (သို့မဟုတ်)ဘယ်သောအခါ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက " ဧမ္မူရောင်ကွန်(ဘွဲ့)" သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲစတုတ္ထနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယခင်နှစ် ၂၅ ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်စုစုပေါင်း ၁၅၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်အဆိုပါအဆင့် သုံးဆင့်အတွက် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏၊ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "bond(Nyein Thu Phyo)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်နေ ချစ်သောင်အားည ၈ နာရီ ၂၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပစဉ်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံလေ့ကျင့်ရေးတပ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံလေ့ကျင့်ရေးကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းစစ်သည်များကို ဂုဏ်ပြုလက်ဖက်ရည် ဖြင့် တည်ခင်းဧည့်ခံစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"သင်တန်းကာလ ပထမပိုင်းမှာတော့ အရမ်းပင်ပန်း ခက်ခဲလွန်းပါတယ်။

တစ်ပတ်ကြာတဲ့အချိန်မှာ နေသားကျပြီးတော့ သင်တန်းနည်းပြတွေရဲ့ လေ့ကျင့်မှုတွေနဲ့အတူ အခက်အခဲတွေကို အောင်မြင်စွာကျော်လွှားနိုင်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းမှာတော့ စံပြတပ်သားဆုကို ရရှိခဲ့ပါတယ်။ ဒီဆုကို ရရှိဖို့အတွက် နည်းပြတွေရဲ့ သင်ကြားပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာလေ့ကျင့်ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာရင်း တဖြည်းဖြည်းနဲ့ နည်းပြတွေ၊ သင်တန်းမှူးတွေရဲ့ လေ့ကျင့်ပေးမှုတွေကိုရရှိပြီး ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ဘာသာရပ်တွေကို မြေပြင်မှာ လက်တွေ့အသုံးချပြီး အမြဲတမ်းစစ်မှုထမ်းတွေဖြစ်တဲ့ ညီနောင်တွေနဲ့အတူ လက်တွေ့အသုံးချသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်က ဒဂုံတက္ကသိုလ် ပထမနှစ် အဝေးသင် သမိုင်းမေဂျာနဲ့ တက်ရောက်

နေတဲ့သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ကိုယ့်သဘောစိတ်ဆန္ဒနဲ့ပဲ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကိုလည်း ကျွန်တော် အရမ်းတက်ချင်တဲ့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင် လာရောက်ဆန္ဒပြုပြီးတော့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီမှာကျတော့ စည်းစနစ်ရှိတယ်၊ စည်းကမ်းရှိတယ်။ နောက်ပြီး ကျွန်တော်တို့တွေ စစ်ပညာဆိုတဲ့ အတတ်ပညာကိုလည်း သင်ယူရတဲ့အချိန်အခါမှာ ကိုယ့်အတွက် အထူးအဆန်းတွေ အများကြီးပေါ့။ စစ်ပညာသင်ကြားပေးတဲ့အခါမှာလည်း ပင်ပန်းမှုတော့ နည်းနည်းရှိတာပေါ့။ ကျွန်တော်ကတော့ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ တပ်မတော်နဲ့ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါ့မယ်လို့ ကျွန်တော် ဆုံးဖြတ်ချက်ချထားပါတယ်။ နောက်တစ်ခုက နိုင်ငံတော်က ပေးအပ်တဲ့တာဝန်တွေပြီးရင် တပ်မတော်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားပါ့မယ်လို့ ကျွန်တော့်အနေနဲ့ စိတ်ဆုံးဖြတ်ချက်လည်း ချထားပါတယ်။ ဒီသင်တန်းကို နောက်ထပ်လာရောက်မယ့် ညီအစ်ကိုတွေအကုန်လုံးကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့အတွက်ကြောင့် အကျိုးကျေးဇူးတွေလည်း အများကြီးရှိပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် ကျွန်တော်တို့ အပြင်မှာနေထိုင်မှု လူနေမှုဘဝပုံစံအတိုင်းမဟုတ်ဘဲနဲ့ လူတစ်ယောက်ဟာ စည်းစနစ်ကျကျ စည်းကမ်းတကျနဲ့ နေထိုင်တတ်သွားမယ်။ ကိုယ်လုပ်ရမယ့် အလုပ်တာဝန်တစ်ခုကို တာဝန်ယူစိတ်၊ တာဝန်ရှိစိတ်အပြည့်နဲ့ လုပ်ဆောင်နိုင်မယ်။ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဆုံးဖြတ်ဉာဏ်နဲ့ စဉ်းစားနိုင်မယ်လို့လည်း ကျွန်တော် ခံယူထားပါတယ်ခင်ဗျာ" ဟု ပြောသည်။ (၅၀၁)

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲပြုလုပ်

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ စက်မှုလက်မှုလက်ရာများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)၌ မေ ၁၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းရှိအိမ်တွင်းမှုခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ကြီးက တိုင်းမှူးနှင့် တက်ရောက်လာကြသူများကို ကျောင်းသမိုင်း၊ သင်တန်းဆိုင်ရာ အချက်အလက်များနှင့် သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ကြရာ ထူးချွန်ဆုရရှိကြသူများနှင့် တာဝန်ရှိသူအသီးသီးက လက်ခံရယူကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဌာနဆိုင်ရာ ဦးစီးဌာနများ ပြည်ထောင်စုအတွင်းရေးမှူး ဦးမြတ်ဝေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ဌာနဆိုင်ရာ ဦးစီးဌာနများ ပြည်ထောင်စုအတွင်းရေးမှူး ဦးမြတ်ဝေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ငင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ စက်မှုလက်မှုလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှု ဆက်လက်လက်ခံ၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၇၅၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၉၇၇ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား၊ ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်ဆက်လက်လက်ခံစဉ်။

ကျောက်မဲမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးစဉ်။

ဌာနဆိုင်ရာ ဦးစီးဌာနများ ပြည်ထောင်စုအတွင်းရေးမှူး ဦးမြတ်ဝေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ထို့ပြင် ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ ခြောက်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဖျော်ဖြေတင်ဆက်၊ ရွှေတိုဂုံဘုရားသို့ သွားရောက်ကြည်ညိုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေရေး၊တေးဆို Mr.Vladimir Sukolin-sky ဦးဆောင်သည့် အဖွဲ့ဝင် လေးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိုဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုလေ့လာကြသည်။

ဦးစွာ ဖျော်ဖြေရေးအဖွဲ့သည် ရွှေတိုဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရွှေတိုဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီး ကပ်လှူပူဇော်ကြသည်။ ထို့နောက် ကျောက်စိမ်းဘုရားအား ဖူးမြော်ပြီး ဗုဒ္ဓဝင်ပြတိုက်အတွင်း ပြသထားရှိမူအား စိတ်ပါဝင်စားစွာအသေးစိတ်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် အောင်မြေတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး မွေးနံထောင့်တွင် ရေသပ္ပာယ်ကြသည်။ ထို့နောက် သာယာဝတီမင်း ခေါင်းလောင်းတော်ကို ကြည့်ရှုလေ့လာကြပြီးနောက် အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်တေးဂီတ အဖွဲ့၏ တတိယမြောက်ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ RC Hall တွင် ကျင်းပရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်မေစန်းရီ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ရုရှားသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy က မိတ်ဆက်စကားပြောကြားသည်။ ယင်းနောက် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေရေး၊တေးဆို Mr.Vladimir Sukolin-sky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms.Anzhe-lika Zaitseva တို့က ရုရှားနှင့် ဘယ်လာရုစ်တို့၏ ရိုးရာမေတ္တာအကြောင်း ဖွဲ့ဆိုထားသည့် တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ ၂၅ နှစ်ပြည့် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင် ပုဂံမြို့အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ ဘယ်လာရုစ်ရိုးရာ၊ ကာလပေါ်တေးသီချင်းများ အပါအဝင် စုစုပေါင်းတေးသီချင်း ၁၇ ပုဒ် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲပြီးဆုံးပြီးနောက် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေစန်းရီက ကျေးဇူးတင်စကားပြောကြားပြီး ဘယ်လာရုစ်အနုပညာရှင်များကို ဂုဏ်ပြုလက်ဆောင်ခြင်း ပေးအပ်သည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်မဲမြို့ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၊ ဒေသခံတိုင်းရင်းသားပြည်သူများကို တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၀

TNLA၊ DPLA နှင့် MDY –PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး နှောင့်နှေးစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ နိမ့်ကျပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ကျောက်မဲခရိုင်အတွင်းရှိ ဂုတ်တွင်းတံတားကို မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက အလျားပေ ၁၅၀၊ အကျယ် ၁၈ ပေရှိ ယာယီသံဘောင်ဘေလီ တံတားအသစ်ကို တည်ဆောက်၍ သွားလာမှုများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားကို ပြန်လည်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အဆိုပါ တံတားပျက်စီးသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို တံတားပြန်လည်ပြုပြင်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်မဲမြို့ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်တို့က အမှာစကားများပြောကြားပြီး တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ် ဆေးထိုးနှံနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ ဆရာ၊ ဆရာမများကို ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ကျောက်မဲမြို့ ကွန်ဖြူးရှပ်တရုတ်စာသင်ကျောင်း၌ ယာယီရုံးဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်(၃) အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဦးစီးဌာနရှိ ပျက်စီးသွားသည့် ဧည့်ရိပ်သာသို့လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့ ဗဟိုဈေးသို့သွားရောက်၍ ဈေးရောင်းချနေသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ပြည်သူများကို သွားရောက်ကြည့်ရှု၍ အာဟာရဖြည့်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘောဇ ရှမ်းကျောင်း ကျောင်းတိုက်သို့ သွားရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မီးသတ်ဝန်ထမ်းအိမ်ရာနှင့် မြို့မရဲစခန်းတို့သို့ သွားရောက်၍ ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ တရားရေးဦးစီးဌာနနှင့်ပြည်သူ့ဆေးရုံကြီး သို့သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ကျောက်မဲမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက သန့်ရှင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နောင်ချိုမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝတ္ထုတိုကလေး

၄က်ဘုံခန်းဝါ

မနှင်းဖွေး



(၁)

ကျီးတွေထဲမှာတော့ ကျုပ်က မိဘကျေးဇူးအသိ တတ်ဆုံးကျီးဗျ။

ဖအေအို ကျီးဒုက္ခိတကြီးကို အခုချိန်ထိ ပြုစု လုပ်ကျွေးနေတာ ကျုပ်တစ်ကောင်ပဲရှိတယ်။ ကျန်တဲ့ကျီးတစ်ကောင်တစ်မြီးမှ မိဘလုပ်ကျွေး တယ်ဆိုတာမရှိဘူး။ ကျီးအားလုံးဟာ အပျံတတ် လို့ ကိုယ့်တောင်ပံကိုယ် အားကိုးနိုင်ပြီဆိုတာနဲ့ မိဘအသိုက်အမြဲကနေ တစ်ခါတည်း အပြီးထွက်သွား ကြတာပဲ။ တစ်ခေါက်တစ်လေတောင် ပြန်လာဖော် ရတာမဟုတ်ဘူး။ မိဘဆိုတာရှိတယ်တောင် မအောက်မေ့ဘူး။ ပြုစုလုပ်ကျွေးဖို့ နေနေသာသာ။ အဲဒီလိုကျီးတွေထဲမှာ ကျုပ်ကတော့ တစ်မိပေါက် တစ်ကောင်ထွန်းပေါ့ဗျာ။

ကျုပ်အမေလား။

အမေကတော့ မရှိတော့ဘူး။ ဆုံးတာ ကြာပါပြီ ဗျာ။ ကျုပ် အပျံတတ်စအရွယ်ကတည်းက ဆိုပါ တော့။ ကြမ္မာငင်ပြီး ဆွေးပေါက်နေတဲ့ ဓာတ်ကြိုးပေါ် သွားနားမိလို့ ဓာတ်လိုက်သေသွားတာလေ။

အခုတော့ ဖအေတစ်ခု၊ သားတစ်ခုပေါ့ဗျာ။

ကျုပ်တို့သားအဖက သိပ်ချစ်ကြတယ်။ သိပ်လဲ တွယ်တာကြတယ်။ အဲ. . . ဒါပေမဲ့ တည့်လဲ မတည့်ဘူး။

ဒါလဲ မျိုးဆက်ကွာဟာမှုလို့ ပြောရမလားပဲ။ အဖေနဲ့ ကျုပ်က အမြဲငြင်းရခုံရတယ်။ အမြင်လဲ မတူဘူး။ တွေးပုံခေါ်ပုံချင်းလဲ မတူဘူး။ အယူ အဆလဲလွဲတယ်။ ဒါတောင် မျိုးဆက်က များများ ကွာတာမဟုတ်ဘူးနော်။ တစ်ဆက်တည်း ပဲကွာတာ။

(၂)

ဘာပဲပြောပြော ကျုပ်အဖေကိုတော့ ကျေးဇူး တင်တယ်ဗျာ။ ကျုပ်ကို ကျီးတစ်ကောင် အဖြစ် မွေးဖွားဖြစ်တည်ခွင့် ပေးတဲ့အတွက် ကျေးဇူးတင်တယ်။

ကျုပ်က ကျီးဖြစ်ရတာ ဂုဏ်ယူကျေနပ်နေ တဲ့သူလေ။

ကျီးဆိုတာ စည်းလုံးညီညွတ်ခြင်းရဲ့ သင်္ကေတဗျ။

အမျိုးထိရင် မချိအောင် နာတတ်တဲ့သူတွေ ထဲမှာ ကျုပ်တို့ကျီးကို ဘယ်သတ္တဝါမှမမီဘူး။ ကျုပ်တို့က စံပြပဲ။

ကျုပ်တို့ ကျီးအချင်းချင်း အစာလုရင်း ဘာရင်း ခိုက်ရန်ဒေါသဖြစ်တာမျိုးမရှိဘူး မဟုတ်ဘူး။ တစ်ခါ တစ်ရံမှာ ရှိတတ်ပါတယ်။ အဲ ဒါပေမဲ့ အပြင်ရန်သူနဲ့ ပတ်သက်လာရင်တော့ ကျုပ်တို့ကျီးအားလုံးက တစ်သွေးတည်း၊တစ်သားတည်း၊တညီတညွတ်တည်း ဖြစ်သွားကော။

ဥပမာဗျာ ကျုပ်တို့ထဲက ကျီးတစ်ကောင်ကောင် နဲ့ အပြင်က ကောင်တစ်ကောင်အကြောင်းတစ်စုံ တစ်ခုနဲ့ တစ်နေရာရာမှာ ပြဿနာဖြစ်ကြတယ်ဆို ပါစို့။ မသိလိုက်နဲ့၊ သိလိုက်ပြီဆိုတာနဲ့ ကျုပ်တို့ ကျီးတွေအုပ်စုလိုက်ချီတက်ပြီး အဲဒီအပြင်ကောင် ကို မှတ်လောက်သားလောက်အောင် ထိုးလွှတ်၊ ဆိတ်လွှတ်၊ စွာလွှတ်၊ အာလွှတ်လိုက်တာပဲ။ နောင်ကြဉ်သွားအောင် ကောင်းကောင်းကို ပညာ ပေးလွှတ်လိုက်တာပဲ။ ကျုပ်တို့ကောင် မှားတာ၊ မှန်တာကနောက်။

ဒီနေရာမှာတော့ ကျုပ်တို့အချင်းချင်း ဘယ်သူ့ ဘယ်သူမှမတိုက်တွန်းဘဲ အလိုလိုစည်းလုံး ညီညွတ်သွားတာဗျ။ အသွေးထဲ၊ အသားထဲ၊ ရိုးတွင်းခြင်ဆီထဲကကို ညီညွတ်ပြီးသားဖြစ်နေ တာ။ တော်တော်တော့ထူးဆန်းတယ်။ ဒါကြောင့်လဲ ကျုပ်တို့ကျီးတွေကို တော်ရုံသတ္တဝါ မစော်ကား ဝံ့တာပေါ့ဗျာ။ စည်းလုံးခြင်းသည် အင်အား မဟုတ်လား။

ကြုံကြိုက်လို့ ကျုပ်တို့ကျီးတွေမှာရှိတဲ့ တခြား အရည်အချင်းတွေကိုလဲ ပြောပြလိုက်အုံးမယ်။

ကျုပ်တို့ကျီးတွေဟာ ရဲတယ်ဗျာ။ လျင်တယ် ဗျာ။ သွက်တယ်ဗျာ။ အခွင့်အရေးကို လက်လွတ် မခံဘဲနဲ့ အမိအရယူတတ်တယ်ဗျာ။ နောက်ပြီး ကျုပ်တို့က အအားမနေဘူး။ အမြဲလိုလို ဟိုဟိုဒီဒီ သွားလာပြီး အရာရာကို စူးစမ်းလေ့လာနေတော့ ဗဟုသုတရှိတယ်ဗျာ။ နှံ့စပ်တယ်ဗျာ။ အမြင် ကျယ်တယ်ဗျာ။

အခွင့်အရေးယူတာနဲ့ ပတ်သက်လို့ကတော့ အဖေနဲ့ ကျုပ်က တကျက်ကျက်။

ကျုပ်တို့က အမြင့်မှာအနေများပေမဲ့ မြေပြင် ပေါ်က အစာကိုလဲ ဘယ်တော့မှအလွတ်မပေးဘူး။ အစာနဲ့ပတ်သက်ရင် အမြဲလက်ဦးမှုယူတယ်။

သိပ်မကြာခင်က ဖြစ်ခဲ့တဲ့ကိစ္စကိုပဲကြည့်။

တစ်မနက်ပေါ့ဗျာ။ စောတော့ တော်တော် စောပါတယ်။ လူတွေ၊ ကားတွေတောင် သိပ်သွားသွား လာလာမရှိသေးဘူး။ ကျုပ်တစ်ကောင်တည်း ဗဟို လမ်း လမ်းဘေးဗာဒံပင်ပေါ် နားနေတုန်း လမ်းမပေါ် မှာ မြေကြွက်ကြီးတစ်ကောင် ပိုးလိုးပက်လက် သေနေတာကို တွေ့လိုက်မိတယ်ဗျ။

အဲဒါကို ဘယ်ကရောက်လာမှန်းမသိတဲ့ ခွေးဝဲ စားနှစ်ကောင်က ကြွက်သေကို နမ်းကြည့်လိုက်၊ လှည့်သွားလိုက်၊ တစ်ခါထပ်နမ်းကြည့်လိုက်၊ ပြန် လှည့်သွားလိုက်၊ စားတော့မလိုလို၊ မစားတော့ဘူး လိုလို၊ ဘာလုပ်နေမှန်းလဲ မသိဘူး၊ အကြာကြီးပဲ။ ပြီးတော့ တစ်ကောင့်တစ်ကောင်လဲ မာန်က ဖီနေသေးတယ်။

ကျုပ်က သစ်ကိုင်းပေါ်ကနေ မကြည့်ချင် မြင်လျက်သား ဖြစ်နေတာပေါ့။ ကြာတော့ စိတ်ကမရှည်တော့ဘူး။ ကျုပ်အဖော် ကျီး လေး၊ ငါး၊ ခြောက်ကောင်လဲ ရောက်လာကော ကျုပ်တို့အချင်းချင်း တစ်ကောင့်တစ်ကောင် မျက်စပစ်လိုက်ပြီး ကြွက်သေအနား ဝေါခနဲ ထိုးဆင်းလိုက်တာပေါ့။ တောင်ပံတဖျပ်ဖျပ် ခတ်ရင်း ပါးစပ်ကလဲတအားအားနဲ့ သံပြိုင်အော်ထည့် လိုက်သေးတယ်။

"ရှောင်ကြ ရှားကြ။ ဒါ တို့အစာဟေ့"လို့ ကြွေးကြော်လိုက်တဲ့ သဘောပေါ့။

ကျုပ်တို့လဲ မြေပြင်ပေါ်ရောက်ကော အို ဘာပြော ကောင်းမလဲ၊ ခွေးဝဲစားနှစ်ကောင်ဆိုတာ အမြီးကုပ် ပြီး ပြေးလိုက်တာ တန်းနေတာပဲ။

ဟိုးခပ်ဝေးဝေးကိုရောက်မှ နောက်လှည့်ပြီး မရဲတရဲ လှမ်းမျှော်ကြည့်တယ်။ ကျုပ်တို့ မြိန်ရေ ရှက်ရေ စားသောက်နေတာမြင်သွားပြီး အရိုး အရင်းလေးများ ကျန်မလားလို့ မျှော်လင့်တယ် ထင်ပါရဲ့။

ဘယ်ကျန်မလဲဗျာ။ ကျုပ်တို့ကလဲ အဖွဲ့နဲ့ ဆိုတော့ သိပ်တောင်မလောက်ချင်ဘူး။ အဖေ့ အတွက်လဲ ဝမ်းရှယ်ယာ အိမ်သယ်ရသေးတာ။

အဲဒီအကြောင်း ကျုပ်က အဖေ့ကို အားရပါးရ ပြောပြတော့ အဖေက ဘာပြန်ပြောတယ်ထင်လဲ။

"သားရယ် မင်းတို့ချည်းပဲ အုပ်စုဖွဲ့ပြီး အနိုင် မယူပါနဲ့ကွယ်။ သူများတွေကိုလဲ နည်းနည်းပါးပါး ပေးကျွေးပါအုံးလား"တဲ့။

ဟား. . . အဲဒါပဲ။ အဖေတို့ ခက်နေတာ။

"အဖေ သေချာမသိဘဲ ရမ်းရမ်းမပြောနဲ့ဗျ။ ကျွန်တော်တို့က ပေးမကျွေးတာ မဟုတ်ဘူး။ အဲဒီခွေးဝဲစားတွေက အရင်မြင်တာ။ အရင်မြင်ပြီး မစားတတ်တာ။ စားရကောင်းမှန်းမသိတာ။ အချင်းချင်းလဲ မညီညွတ်ဘူး။ သတ္တိလဲမရှိဘူး။ ဆုံးဖြတ်ချက်လဲ မပိုင်ဘူး။ ဒီတော့ငတ်ပေါ့"

"မဟုတ်သေးဘူးလေကွာ။ တော်ကြာ သူများတွေ က မင်းတို့ကို အစာနဲ့ပတ်သက်ရင် တစ်မိုးလုံး ဖျောက်ဆိပ်တို့ ဘာတို့ပြောနေမှာ စိုးလို့ပါ"

"ပြောပြောဗျာ။ မနာလိုတဲ့သူတွေပြောတာ လိုက်ဂရုစိုက်မနေနိုင်ဘူး။ ကျွန်တော်ကတော့ စားစရာရှိစားမှာပဲ။ သူ့ဖို့ ကိုယ့်ဖို့တွေ စဉ်းစား မနေနိုင်ဘူး"

အဲဒီတုန်းက ကျုပ်တို့သားအဖနှစ်ကောင် ကတောက်ကဆတ် ဖြစ်ရသေးတယ်။

(၃)

အဖေက တစ်ခါတစ်ခါကျတော့လဲ နည်းနည်း အစိုးရိမ်လွန်တယ်လို့ ပြောရမယ်ထင်တယ်။ အလကားနေရင်း ပူပန်လားပူပန်ရဲ့။ မလိုအပ်ဘဲ ကြောင့်ကြလား ကြောင့်ကြရဲ့။ အဖေက သားသမီး ဆုံးမတာလဲ တော်တော်ဝါသနာပါတယ်ဗျ။ အခွင့် အရေးရရင်ရသလို ဆုံးမနေတာပဲ။ အေးလေ ဒါလဲ ဖခင်တစ်ဦးရဲ့လုပ်ပိုင်ခွင့်ဆိုတော့ သူ့လုပ်ပိုင်ခွင့် သူအပြည့်အဝသုံးတာပေါ့။

အဖေဆုံးမတဲ့အထဲမှာ နည်းနည်းအဓိကကျတယ် လို့ ရိပ်စားမိတဲ့ အကြောင်းအရာကတော့ စကားပြောတာ နဲ့ ပတ်သက်တာပဲ။

❖ အဖေဆုံးမတဲ့အထဲမှာ နည်းနည်းအဓိကကျတယ်လို့ ရိပ်စားမိတဲ့အကြောင်းအရာကတော့ စကားပြောတာနဲ့ပတ်သက်တာပဲ။ အမြဲ လိုလိုပဲ ကျုပ်ကို စကားမများဖို့၊ စကားမဖွာဖို့၊ စကားမကျွံဖို့၊ စကားကို လိုအပ်မှသာပြောဖို့၊ စကားလုံးချွေတာဖို့၊ အသံမကျယ်ဖို့ စတာတွေ ကို ပြောဆိုဆုံးမလေ့ရှိတယ်။ "စကားနည်းရန်စဲ"တို့၊ "အသံကြောင့် ဗားသေ"တို့၊ "ကြမ်းကျွံလျှင်နုတ်ရ၊ စကားလွန်လျှင်နုတ်မရ"တို့၊ "စကားစကားပြောပါများ၊ အမှားပါတတ်သည်"တို့ဟာ အဖေ့ရဲ့ လက်သုံးစကားပုံတွေပေါ့။ ❖

စာမျက်နှာ ၂၅ သို့ á

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၆၈၅၀ စိုက်ပျိုးမည်

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၆၈၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၆၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကကော အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့လဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင် က ပြောပြသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဒေါမာန်ဖယ်ရှား မေတ္တာပွား

- ဒေါသမာန် ဖယ်ကာရှား
  မေတ္တာပွား နေထိုင်မယ်၊
  စေတနာ ဖြူစင်နှလုံး
  ကျင့်သုံးစဉ်ကွယ်၊
  မုန်းစိတ်တို့ အစဉ်သာပယ်
  အကြင်နာရယ် ဖြန့်ကြက်ပေး၊
  လူတိုင်းပေါ် စာနာခြင်းကို
  ဆောင်ကြဉ်းစို့လေး။

- မနာလို စိတ်အတွေးတို့
  ဖယ်ခွာအဝေး ဘဝမှာ၊
  ရင်တွင်းဝယ် စိတ်ကောင်းထား
  ရိုးသားစဉ်သာ၊
  ပွားများလျက် မုဒိတာ
  လူပြည်ရွာ လျှောက်လှမ်းရင်း၊
  ပရအကျိုးကို ရည်မျှော်ကိုး
  သယ်ပိုးစေမင်း။

- အတ္တမာန် ရင်မှာကင်းလို့
  ပညာအလင်း ထွန်းတောက်စေ၊
  ဘဝအမှောင် ဖြတ်ကာသန်း
  ပြုံးပန်းလှိုင်ဝေ၊
  မေတ္တာတရားဖြင့် နေထိုင်လေ
  အခြေခိုင်ပေ ဘဝလမ်း၊
  ကောင်းမှုတွေ ရည်ရွယ်ခူးလို့
  ကြည်နူးအေးချမ်း။ ။

ရဲသွေးနီ(တက်ဝန်)

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလ အတွင်း ဒေသထွက် အုန်းသီးအနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လ အတွင်းက အုန်းသီးအနု အလုံးရေ ၅၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း အုန်းသီးအနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ စက်တင်ဘာလအတွင်း အုန်းသီးအနုတွေ ဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပွဲရုံပိုင်ရှင်တွေက အုန်းစိုက် တောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းနေတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနု အများအပြား တင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

á **စာမျက်နှာ ၂၄ မှအဆက်**

အမြဲလိုလိုပဲ ကျူပ်ကိုစကားမများဖို့၊ စကားမဖွာဖို့၊ စကားမကျွံဖို့၊ စကားကို လိုအပ်မှသာ ပြောဖို့၊ စကားလုံး ချွေတာဖို့၊ အသံမကျယ်ဖို့ စတာတွေကို ပြောဆိုဆုံးမလေ့ရှိတယ်။

"စကားနည်းရန် စဲ"တို့၊ "အသံကြောင့် ဖားသေ"တို့၊ "ကြမ်းကျွံလျှင်နုတ်ရ၊ စကားလွန်လျှင် နုတ်မရ"တို့၊ "စကားစကားပြောပါများ၊ အမှားပါတတ်သည်"တို့ဟာ အဖေ့ရဲ့လက်သုံးစကားပုံတွေပေါ့။

အမှန်တော့ သူပြောတဲ့အတိုင်း နေဖို့ဆိုတာမလွယ်ပါဘူးဗျာ။ ခင်ဗျားသိတဲ့အတိုင်း ကျီးဆိုတာစကားများတဲ့အမျိုးလေ။ ပြီး ကျူပ်တို့က အုပ်စုနဲ့လှုပ်ရှားသွားလာနေတတ်တော့ တစ်ကောင်မပြော၊ တစ်ကောင်ပြောနဲ့ အမြဲလိုလိုဆူညံနေတော့တာပေါ့။

နောက်ပြီး ကျူပ်တို့က ပြောစရာရှိ ပွင့်ပွင့်လင်းလင်းပဲ။ ပြောပြီးဆိုလဲ ကျယ်ကျယ်လောင်လောင်ပဲ။ ခိုတွေလိုလဲ တအီအီ မညည်းဘူး။ ဥသြလိုလဲ အသံကောင်းမဟစ်ဘူး။ စာကလေးလိုလဲ ပတ်ချဲနပ်ချဲ ပိညက်ပိညက်မလုပ်ဘူး။ ကျူပ်တို့ စရိုက်ကိုက ဟောင်ဖွာဟောင်ဖွာမျိုး။

အဖေကတော့ ဟုတ်တာပေါ့ဗျာ။ အသိုက်ထဲပဲ အနေများတော့ စကားမပြောလဲဖြစ်နေတာပေါ့။ ကျူပ်တို့က ဘယ်ရမလဲ။ အများကြားထဲမှာ မပြောချင်လဲပြော၊ ပြောချင်လဲပြော၊

အမှန်တော့ အဖေ့ဆုံးမစကားတွေဟာ သူ့ဘဝတစ်ခုလုံးနဲ့ ရင်းနှီးပြီးရလာတဲ့ ဘဝသင်ခန်းစာတွေဆိုတာ နားလည်ပါတယ်။ ခါးသီးတဲ့အတွေ့အကြုံကနေ ထုတ်နုတ်ရယူခဲ့ရတာမို့ တန်ဖိုးကြီးမှန်းလဲ သိပါတယ်။

တစ်ဖက်က တွေးရင်လဲ အဖေတို့ ခေတ်မမီတာ ပါတာပေါ့ဗျာ။ မပါးနပ်တာ၊ ရိုးအတာ၊ ကျီးရည် မလည်တာတွေပါတာပေါ့။

အဲဒီတုန်းက ကျူပ်ငယ်ငယ်ရှိပါသေးတယ်။ ရာသီဥတုသာယာတဲ့ မနက်ခင်းတစ်ခင်းမှာ အဖေက လူတွေနေထိုင်တဲ့ အိမ်တစ်အိမ်ရဲ့ ဝရန်တာလက်ရန်းမှာသွားနားပြီး "မဂ်ီလာနံနက်ခင်းပါ ခင်ဗျာ" "မဂ်ီလာနံနက်ခင်းပါခင်ဗျာ"လို့ သွားနှုတ်ခွန်းဆက်သတဲ့။

အဖေ့အသံလဲကြားကော အိမ်ရှင်တွေဆိုတာ စောစောစီးစီး သူတို့အိမ်ရှေ့ ကျီးလာအာရပ့ါမလားဆိုပြီး ဒေါသူပုန်တွေထ၊ တွေ့ကရာနဲ့ကောက်ပေါက်၊ တစ်ယောက်ကဆိုရင် အဖေ့ကို လောက်လေးခွနဲ့ တောင်ပစ်ထည့်လိုက်တာတဲ့။

"ကျီးစုတ်၊ ကျီးပ့ဲ၊ ကျီးနာ၊ အယုတ်တမာကျီး"လို့လဲ အဖေ့ကို ဝိုင်းဆဲကြသေးသတဲ့။

အဲဒီတုန်းက အဖေ ဒဏ်ရာအကြီးအကျယ်ရခဲ့တာပေါ့။ အဖေ့ဘယ်ဘက်တောင်ပံက လောက်စာလုံးမှန်တဲ့ဒဏ်ရာဟာ သေရာပါပါပဲ။ အဲဒီကတည်းက အဖေ ကောင်းကောင်းမပျံနိုင်တော့လို့ အသိုက်မှာပဲ အောင်းနေရတာ ဘယ်လောက်ကြာပြီလဲ။

သြော်... အဖေ အဖေ အဖေတို့ရဲ့ ဟိုး... ဘိုးဘေးဘီဘင်လက်ထက်က ကျင့်သုံးခဲ့တဲ့ မိတ္တဗလဋ္ဌိကာကြီးကို ဒီကနေ့ခေတ်မှာ မဆီမလျော်သွားထုတ်သုံးတာကိုး။

ဟိုး... ရှေးရှေးတုန်းကတော့ ဟုတ်တာပေါ့။

ကိုယ့်အိမ်ရှေ့မှာ မနက်စောစောစီးစီး ကျီးလာအာရင် လူတွေက မဂ်ီလာရှိတယ်လို့ သတ်မှတ်ကြတယ်လေ။

"ဟယ်... ဒီနေ့ ရွှေကျီးသာတယ်ဟေ့။ ဘယ်က ဧည့်သည်လာမလဲ မသိဘူး"ဆိုပြီး လူတွေက ဝမ်းသာအယ်လဲဖြစ်ကြတယ်။ ကျီးတွေကို တောင် "ရွှေကျီး"လို့ အမွှမ်းတင်ကြတယ်။ ဧည့်သည်ကိုလဲ လိုလိုလားလားမျှော်ကြတယ်။ ကနေ့ခေတ်က ဧည့်သည်မျှော်တဲ့ခေတ်မှ မဟုတ်တော့တာပဲ။ ဧည့်သည်ကြောက်တဲ့ခေတ်လေ။ ဧည့်သည်လာမှာ စိုးရိမ်တဲ့ခေတ်လေ။

ဒါကို အဖေက မသိဘူး။ လူတွေက "ကျီးသာရင် ဧည့်လာတယ်"ဆိုတဲ့ အစွဲလေးကလဲရှိနေသေးတော့ အဖေ့ကို စိတ်ဆိုးကြတာပေါ့။

ဆက်လက်ဖော်ပြပါမည်။

အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

အုတ်ဖို အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အညာတန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက အညာတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် သြဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ

ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ

ဦးရွှေဦး

လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီမဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့်သာတူညီမျှအခွင့်အရေးများ ဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြယ်လှယ်မှုများမရှိစေရေး၊ အငြင်းပွားမှုကိုဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံသားတိုင်းဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေးနှင့် မဲစာရင်းမှန်ကန်ရေး

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းများကိုလေ့လာကြည့်သော အခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က) တွင် **"နိုင်ငံသားတိုင်းသည်ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။"** နှင့်ပုဒ်မ ၃၉၁ (က) တွင် **"ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် (၁၈) နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"** ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို အခြေခံ၍ သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ ပါ အရည်အချင်းများနှင့်ပြည့်စုံသူများကို အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်ပြုစုထားသည်။ မဲစာရင်းများပြုစုရာတွင် ပုဒ်မ ၁၃ (က)အရ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏မဲစာရင်းများ ပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းများကိုရယူအခြေခံပြီး ပြုစုရမည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ထားသည်ကိုတွေ့ရှိရသည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ လွတ်တော်နည်းဥပဒေ ၈ (က) ပါ အသေးစိတ်ပြဋ္ဌာန်းချက်များဖြစ်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်ရှိ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေးစိစစ်ရမည့်ပြဋ္ဌာန်းချက်များအတိုင်း စိစစ်ဆောင်ရွက်နိုင်ရန်ကပ်ထားကြောင်းသိရှိပါသည်။ ထို့ပြင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ပြည်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းတို့ကိုလည်း ကြေညာခဲ့ပြီးဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့် နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် ယာယီနေရပ်စွန့်ခွာနေရသူများ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာ ဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ လျှောက်ထားနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်မှစတင်၍ မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အသီးသီးရှိ မဲရုံများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်ကိုပါ တစ်ပါတည်းထုတ်ပြန်ကြေညာထားရှိသည် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ - ၉ - ၂၀၂၅ ရက်မှ ၁၃ - ၁၀ - ၂၀၂၅ ရက်အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင်ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင်မဲစာရင်းကြည့်ရှုနိုင်ရေးဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

(ခ) မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့်ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ **(အခမဲ့)** ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များ အနေဖြင့်လည်း လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းပြုစုရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက ရေးသွင်းဆောင်ရွက်ရမည့် Admin/ Data Entry Officer Software နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲမည့် Central Voter List Management System (CVLMS) Software များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် စိစစ်ရေးသွင်းထားရှိသဖြင့် မဲစာရင်းများမှာ ယခင်ကဲ့သို့ နှစ်ကြိမ်၊ သုံးကြိမ်အထက်များနှင့် မှတ်ပုံတင်မပါရှိသူ၊ အချက်အလက်မပြည့်စုံသူများ ပါဝင်တော့မည် မဟုတ်တော့သဖြင့် ကျစ်လျစ်မှန်ကန်သော မဲစာရင်းများရရှိနိုင်မည်ဖြစ်သည်။ မြေပြင်တွင် ရွှေ့ပြောင်းသွားလာသူများရှိနေသေးသဖြင့် မဲစာရင်းပြုစုသည့်အချိန်တွင်ဆောင်ရွက်ရမည့် ပုံစံ (၆၆/၆) တွင် ပါဝင်နိုင်ခြင်းမရှိသေးသူများအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သေဆုံး၊ ပျောက်ဆုံးသူများအတွက် မြေပြင်တွင် စာရင်းကောက်ယူဆောင်ရွက်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများမှန်ကန်ရေးအတွက်လည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းကြောင်းကြောင့် ကျန်ရစ်သူများမရှိစေရေးအတွက် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာပြီးနောက် သက်ဆိုင်ရာမဲဆန္ဒရှင်များက ကြည့်ရှုစစ်ဆေး၍ ထုတ်ပြန်ကြေညာထားသည့် ဆောင်ရွက်ရမည့်နည်းလမ်းများအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် မဲဆန္ဒရှင်တစ်ဦးချင်းတိုင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းထားသည်။

Myanmar Electronic Voting Machine (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း

ဆန္ဒမဲပေးရာတွင် တိုင်းရင်းသားမဲဆန္ဒနယ်များ အပါအဝင် လွတ်တော်အားလုံး တစ်နိုင်ငံလုံး၌ Myanmar Electronic Voting Machine (MEVM) မဲပေးစက်ဖြင့် မဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိသည်ကိုတွေ့ရှိရသည်။ မဲပေးစက်ကိုအသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများမဲပေးရာတွင် အခက်အခဲမရှိလွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များတိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များရေတွက်ရာတွင်ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာမဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့်နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသစမ်းသပ်မဲပေးခြင်းများဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။ Myanmar Electronic Voting Machine (MEVM) မဲပေးစက်သည်မြန်မာအင်ဂျင်နီယာပညာရှင်များက အစိုးရဝန်ကြီးဌာန၏စက်ရုံများ၌ ထုတ်လုပ်ထားသဖြင့် နည်းပညာဆိုင်ရာလုံခြုံစိတ်ချရမှုအပြည့်အဝရှိပြီး မည်သည့် Internet ၊ Cellular ၊ Wifi ၊ Bluetooth စသည့် ဆက်သွယ်ရေးကွန်ရက်များကိုမျှ ချိတ်ဆက်နိုင်ခြင်းမရှိသည့်အပြင် ဝိုင်ယာကြိုးများနှင့်ဆက်သွယ်ထားခြင်းမရှိသဖြင့် မဲရလဒ်များအပေါ် ပြင်ပမှနှောင့်ယှက်ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်းမပြုလုပ်နိုင်ဘဲ ဓာတ်ပုံကင်မရာ၊ Scanner များ ပါရှိခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကို အာမခံချက်အပြည့်ရှိကြောင်း မဲပေးစက်များအား လိုက်လံရှင်းလင်းပြသမှုများအရ သိရသည်။ မဲပေးစက်များကို ရွေးကောက်ပွဲတွင်အသုံးပြုရာ၌ Myanmar Electronic Voting Machine (MEVM) မဲပေးစက်၏စံချိန်စံညွှန်းကို မြန်မာနိုင်ငံစံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ၂၀၁၄ ခုနှစ်နှင့် အညီ အမျိုးသားအဆင့်ထောက်ခံအသိအမှတ်ပြုလွှာရရှိရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၀၇၅/၂၀၂၅ နှင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်ဆိုင်ရာစံချိန်စံနှုန်းများကို မြန်မာနိုင်ငံစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ပြီးဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်တွင်းပြည်ပကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များအား သိရှိဆောင်ရွက်နိုင်ရန် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် အသေးစိတ်ထုတ်ပြန်ထားကြောင်းတွေ့ရှိရသည်။ ကြိုတင်မဲများ ရေတွက်ခြင်းနှင့်စပ်လျဉ်း၍လည်း ရွေးကောက်ပွဲ နည်းဥပဒေ အခန်း(၁၄)၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာခြင်း အခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း

စာမျက်နှာ ၂၇ သို့

မဲပေးစက်ကိုအသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများမဲပေးရာတွင် အခက်အခဲမရှိလွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များတိတိကျကျရရှိခြင်းနှင့်ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များရေတွက်ရာတွင်ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာမဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့်နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသ စမ်းသပ်မဲပေးခြင်း၊ ဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။

မော်လိုက်မြို့နယ်တွင် မိုးစပါး ၁၈၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါးဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးပါမယ်" ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး၊ သီးနှံပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀ဖြ)

ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧရယာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်သာကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဆွေကြည်နိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ဇာနည်ဝင့်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၆၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၃ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၇ ဒသမ ၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃ဖြဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေ ကျပ် ၄၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး

မြစ်သားမြို့နယ် ကျောက်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

မြစ်သား အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျောက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျောက်ကုန်းကျေးရွာ၌ အရှည် ၆၇၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာ ထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ကိုဗစ် - ၁၉ ရောဂါကူးစက်ဖျံနှံ့မှုကို ထိန်းချုပ်နိုင်ရန်

ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

စာမျက်နှာ ၂၆ မှအဆက်

ရွေးကောက်ပွဲမကျင်းပမီ နှစ်ရက်ကြိုတင်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်၌ရေတွက်၍ ရလဒ်များကို ပွင့်လင်းမြင်သာစွာ ကပ်ထားကြေညာမည်ဖြစ်ကြောင်းသိရှိရသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ကြိုတင်မဲများကြောင့်မဲမသမာမှုဖြစ်ခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

လွတ်လပ်ပြီးတရားမျှတသော မဲဆွယ်စည်းရုံးခြင်း

နိုင်ငံရေးပါတီများ လွတ်လပ်ပြီးတရားမျှတစွာ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးဆောင်ရွက်နိုင်ရန်အတွက် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သော လွှတ်တော်နည်းဥပဒေများတွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း အခန်း(၁၀)ကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်းတွေ့ရှိရသည်။ ယခင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု အတွေ့အကြုံများအရ နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မျှမျှတတမဲဆွယ်ဆောင်ရွက်ကြရန်ဖြစ်သော်လည်း မီဒီယာအားကိုအသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီကြီးများသည် မိမိပါတီ အနိုင်ရရေးအတွက် နည်းလမ်းမမှန်သောစည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်း၊ မဲဆွယ်စည်းရုံးရာတွင် လိုက်ပါဆောင်ရွက်သူများကို ဝန်းရံသူများအဖြစ် အခကြေးငွေပေး၍ စည်းရုံးလှုံ့ဆော်မှုများရှိခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေများနှင့်အညီဆောင်ရွက်နိုင်ရန် အသိပေးထုတ်ပြန်ကြေညာခြင်းကို ၂၀၂၅ ခုနှစ် သြဂုတ်လ ၂၁ ရက်တွင်လည်းကောင်း၊ နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခြင်းနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည်များကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာထားကြောင်းသိရှိရသည်။ ရွေးကောက်ပွဲနည်းဥပဒေ ၅၀ တွင်လည်း ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကိုဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း တစ်ပြေးညီပြဋ္ဌာန်းထားရှိသည်ကိုလည်း တွေ့ရှိရသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ကျင်းပမည့်ရွေးကောက်ပွဲတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သာတူညီမျှ မျှမျှတတ မဲဆွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် သတင်းမီဒီယာများအား လေ့လာခွင့်ပြုမည်

ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုဖိတ်ကြား၍လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားပြီးဖြစ်သည်။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်များကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်ကိုလည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်၍တရားမျှတမှုရှိကြောင်းကို နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များမှ လေ့လာစောင့်ကြည့်နိုင်ကြမည်ဖြစ်သည်။

ရွေးကောက်ပွဲလုံခြုံရေးနှင့် အကြမ်းဖက်မှု၊ ခြယ်လှယ်မှုများ မဖြစ်စေရေး

ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် လွတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှဝန်ထမ်းများ၊ ရွေးကောက်ပွဲတွင်ပါဝင်ဆောင်ရွက်နေသူများလုံခြုံရေးအတွက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ အကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက အပြည့်အဝဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရှိရသည်။

နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်

၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားပြီး စိစစ်လျက်ရှိကြောင်းသိရသည်။ တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်သည်။ လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသောအစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲမသမာမှုဖြစ်စဉ်များမဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များက သက်သေခံလျက်ရှိသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။** မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ဗီယက်နမ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် လူ ၁၀ ဦးထက်မနည်းသေဆုံးခဲ့

ဟန္နိုင်း အောက်တိုဘာ ၁၀

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အောက်တိုဘာ ၉ ရက်က တိုင်ဖွန်းမုန်တိုင်း မတ်မိုတိုက်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် တိုင်ဖွန်းမုန်တိုင်း မတ်မိုတိုက်ခတ်ခဲ့သည့် အရှိန်ဖြင့် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း၊ အဆိုပါရေကြီးရေလျှံမှု အတွင်း လူ ၁၀ ဦး သေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် နေအိမ် ၂၂၀၀၀ ကျော် ရေနစ်မြုပ်ခဲ့သည့်အပြင် အဆောက်အအုံ ၇၁၁ လုံး ပြင်းထန်စွာပျက်စီးခဲ့ကြောင်း၊ စပါးနှင့် အခြားသီးနှံစိုက်ခင်းဟက်တာ ၂၃၀၀၀ ခန့် ရေနစ်မြုပ်ခဲ့သည့်အပြင် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၃၆၀၀၀၀ ခန့် သေကျေခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း အရှိန်ကြောင့် သစ်ပင်များ၊ ဓာတ်တိုင်များလဲပြိုခဲ့သဖြင့် အိမ်ထောင်စု ၂၁၇၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့သည့်အပြင် ဆက်သွယ်ရေးကွန်ရက်များလည်း ပြတ်တောက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မုန်တိုင်းဒဏ်သင့်ပြည်နယ်များကို ပံ့ပိုးရန်အတွက် ဗီယက်နမ် ဒေါင် ဘီလီယံ ၁၄၀ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်းခန့်)တန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်ကို ဗီယက်နမ်အစိုးရက အတည်ပြုခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ဗီလစ်ပိုင်နိုင်ငံတောင်ဘက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အခြေခံအဆောက်အအုံများနှင့်နေအိမ်များ ပျက်စီး

မနီလာ အောက်တိုဘာ ၁၀

ဖိလစ်ပိုင်နိုင်ငံ တောင်ဘက်ပိုင်းတွင် ယနေ့နံနက်ပိုင်းက ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိသည့်ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်ကြောင့် အခြေခံအဆောက်အအုံများနှင့် နေအိမ်များပျက်စီးခဲ့ကြောင်း Phivolcs အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်သည် မင်ဒါနာအိုနယ် မန်နေးမြို့အနီးတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၁၀ ကီလိုမီတာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ကမ်းခြေဒေသမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ဆူနာမီလှိုင်းအန္တရာယ် စိုးရိမ်ရကြောင်း၊ ငလျင်လှုပ်ခတ်မှုအပြီး Phivolcs အေဂျင်စီက ဒေသခံများကို ကုန်းမြင့်နေရာများသို့ အမြန်ဆုံး ရွှေ့ပြောင်းရန်လည်း သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဒီနေ့မနက် အစောပိုင်းမှာ မန်နေးမြို့အနီး ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ပြင်းအားဟာ ၇ ဒသမ ၆ မဂ္ဂနီကျူရှိခဲ့ပြီး ငလျင်အားကောင်းတဲ့အတွက် ငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ပါတယ်။ ဆူနာမီလှိုင်းက အမြင့် တစ်မီတာကနေ သုံးမီတာထိမြင့်နိုင်ပြီးတော့ ကမ်းခြေဒေသတွေအတွက် အန္တရာယ်များတဲ့အခြေအနေ ဖြစ်ပါတယ်။ အမြန်ဆုံး ကုန်းမြင့်နေရာတွေကို ရွှေ့ပြောင်းကြဖို့အတွက်လဲ ဒေသခံတွေကို သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု Phivolcs အေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

အမေရိကန်နိုင်ငံတွင် လာမည့် ဒီဇင်ဘာလမှစတင်၍ လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်ကြောင်း NWS က ထုတ်ပြန်

ဝါရှင်တန် အောက်တိုဘာ ၁၀

အမေရိကန်နိုင်ငံတွင် လာမည့် ဒီဇင်ဘာလမှစတင်၍ လာနီညာရာသီဥတု ဖြစ်ပေါ်လာနိုင်ကြောင်း အမျိုးသား မိုးလေဝသဦးစီးဌာန (NWS)က ထုတ်ပြန်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

လာနီညာရာသီဥတု ဖြစ်ပေါ်လာနိုင်ခြေမှာ ၅၅ ရာခိုင်နှုန်းထိ ရှိနေပြီး လာနီညာရာသီဥတုကြောင့် ရေထုအပူချိန် ကျဆင်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ လာနီညာရာသီဥတုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆိုးရွားသောထိခိုက်မှုများဖြင့် ရင်ဆိုင်ရနိုင်ပြီး သီးနှံအထွက်နှုန်းလည်း ကျဆင်းနိုင်ကြောင်း၊ လာနီညာရာသီဥတု ကနဦး ရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာမှာ မြောက်ဝန်ရိုးစွန်းတန်းတွင် တည်ရှိသည့် ဒေသများ ဖြစ်ကြောင်း အမျိုးသားမိုးလေဝသဦးစီးဌာန(NWS)က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အမေရိကန်နိုင်ငံမှာ လာမဲ့ဒီဇင်ဘာလကနေ ၂၀၂၆ ခုနှစ်ဖေဖော်ဝါရီလအတွင်းမှာ လာနီညာရာသီဥတုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဖြစ်နိုင်ခြေကတော့ ၅၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ လာနီညာရာသီဥတုနဲ့ ကနဦးရင်ဆိုင်ရနိုင်တဲ့ ဒေသတွေကတော့ မြောက်ဝင်ရိုးစွန်းတန်းမှာတည်ရှိတဲ့ ဒေသတွေဖြစ်ပါတယ်။ လာနီညာရာသီဥတုကြောင့် ရေထုအပူချိန်တွေ သိသိသာသာ ကျဆင်းနေပြီဖြစ်သလို ရေကြီးရေလျှံမှုအပြင် မိုးခေါင်မှုတွေပါ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ လာနီညာရာသီဥတုဟာ အာဂျင်တီးနားနိုင်ငံ မြောက်ဘက်ပိုင်းဒေသတွေ၊ ဥရုဂွေးနိုင်ငံနဲ့ဘရာဇီးနိုင်ငံ အရှေ့တောင်ဘက်ပိုင်းဒေသတွေမှာလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ လာနီညာရာသီဥတုဖြစ်ပေါ်တဲ့ ဒေသတိုင်းမှာတော့ စိုက်ပျိုးရေးကဏ္ဍတွေ အပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမျိုးသားမိုးလေဝသဦးစီးဌာန (NWS) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

တရုတ်နိုင်ငံ စီချမ်ပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအိမ်နှင့်အဆောက်အအုံများ ပျက်စီးခဲ့

ပေကျင်း အောက်တိုဘာ ၁၀

တရုတ်နိုင်ငံ စီချမ်ပြည်နယ် ဂါဇီ အနောက်ကုန်းမြင့်တွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်တစ်ခု အောက်တိုဘာ ၉ ရက်က လှုပ်ခတ်ခဲ့ပြီး လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း China Earthquake Networks Centre ၏ ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် အဆိုပါအနောက်ကုန်းမြင့်၏ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါ အနောက်ဘက်ကုန်းမြင့်ဒေသသည် တောင်ဘက်တွင် ယူနန်ပြည်နယ်နှင့် အနောက်ဘက်တွင် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့ရာ ၎င်းကုန်းမြင့်ဒေသသည် လူနေထိုင်မှုကျဲပါးသောဒေသဖြစ်သဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် လူထိခိုက်၊ သေဆုံးမှုမရှိကြောင်း သိရသည်။

သို့သော် ကုန်းမြင့်ဒေသ တောင်စောင်းရှိ လူနေအိမ်များ၊ နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ အဆောက်အအုံ ပျက်စီးမှုစာရင်း အတိအကျကို စစ်တမ်းများ ကောက်ယူနေဆဲ ဖြစ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စတင်ဆောက်ရွက်နေပြီဖြစ်ကြောင်း၊ ယခုလှုပ်ခတ်ခဲ့သည့်ငလျင်၏ ပြင်းအားသည် ၂၀၂၁ ခုနှစ်မှ ယခုနှစ်အတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်များထဲတွင် ပြင်းအား အများဆုံးဖြစ်ကြောင်း China Earthquake Networks Centre မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

ဗြိတိန်နိုင်ငံ လီဝက်ဒ်ကျွန်းတွင် တိုက်ခတ်နေသည့် ဂျာရီအပူပိုင်းမုန်တိုင်း ဟာရီကိန်းမုန်တိုင်းအဆင့်သို့ ပြောင်းလဲသွားနိုင်

လန်ဒန် အောက်တိုဘာ ၁၀

ဗြိတိန်နိုင်ငံ လီဝက်ဒ်ကျွန်းတွင် အောက်တိုဘာ ၉ ရက်က စတင်ဝင်ရောက် တိုက်ခတ်ခဲ့သည့် ဂျာရီဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် လာမည့် ၄၈ နာရီအတွင်း ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းကာ ကာရစ်ဘီယံဒေသများသို့ ရွှေ့လျား တိုက်ခတ်နိုင်ကြောင်း National Hurricane Center က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျာရီ အပူပိုင်းမုန်တိုင်းသည် ယခုနှစ်အတွင်း အတ္တလန္တိတ်ပိုင်းဇုန်မှ ဖြစ်ပေါ်လာသော ၁၀ ကြိမ်မြောက် မုန်တိုင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး ဟာရီကိန်းမုန်တိုင်း အသွင်သို့ ကူးပြောင်းသွားပါက လေတိုက်နှုန်းသည်လည်း အန္တရာယ်ရှိသည့် အဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း NHC က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ဂျာရီ အပူပိုင်းမုန်တိုင်းဟာ လီဝက်ဒ်ကျွန်းကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ လာမဲ့ ၄၈ နာရီအတွင်း ဟာရီကိန်း မုန်တိုင်းအသွင်ကို ကူးပြောင်း သွားနိုင်ပြီးတော့ ကာရစ်ဘီယံဒေသတွေကို တိုက်ခတ်သွားနိုင်ပါတယ်။ ဂျာရီအပူပိုင်းမုန်တိုင်းကြောင့် လေတိုက်နှုန်းဟာ တစ်နာရီကို ၄၅ မိုင်နှုန်းနဲ့ တိုက်ခတ်နေပါတယ်။ အပူပိုင်းမုန်တိုင်းကနေ ဟာရီကိန်းမုန်တိုင်း အသွင်ကို ကူးပြောင်းသွားရင်တော့ လေတိုက်နှုန်းဟာလဲ အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်။ ရေပတ်လည်ဝန်းရံနေတဲ့ ကာရစ်ဘီယံဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းလာနိုင်မှုကြောင့် ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်ရနိုင်ပါတယ်။ ဟာရီကိန်းမုန်တိုင်း အသွင် ကူးပြောင်းသွားပြီးတော့ ကာရစ်ဘီယံအနောက်ဘက်ပိုင်းဒေသတွေနဲ့ အနောက်မြောက်ဘက်ပိုင်းဒေသတွေကို တိုက်ခတ်သွားနိုင်ပါတယ်"ဟု National Hurricane Center မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက ဒိန်းမတ်အသင်း၊ ဩစတြီးယားအသင်း၊ ပိုလန်အသင်းတို့ နိုင်ပွဲရသွားမှာပါ

ML

ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေဖြစ်တဲ့ ၂၀၂۶ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် ဥရောပ၊ ကွန်ကာကပ်ဖ်ပြိုင်ပွဲတွေယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်မှာလဲ အင်္ဂလန်အသင်းက ဝေးလ်အသင်းကိုခြေစမ်းပွဲစဉ်မှာ သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့သလို ခြေစစ်ပွဲစဉ်တွေအနေနဲ့လဲ ဒိန်းမတ်အသင်းက ဘယ်လာရုစ်အသင်းကို ခြောက်ဂိုးပြတ်၊ စကော့တလန်အသင်းက ဂရိအသင်းကို သုံးဂိုး တစ်ဂိုး၊ နယ်သာလန်အသင်းက မော်လ်တာလိုအသင်းငယ်ကို လေးဂိုးပြတ်၊ဩစတြီးယားအသင်းက ဆန်မာနိုအသင်းကို ဂိုးအပြတ် ဆုံးနိုင်ပွဲအဖြစ် ၁၀ ဂိုး ဂိုးမရှိနဲ့ အသီးသီးအနိုင်ရရှိခဲ့ကြပြီး ခြေစစ်ပွဲတောင်အာဖရိကပွဲစဉ်မှာတော့ နိုင်ဂျာ၊ ဧမ်ဘာဘွေ၊ ကင်ညာ၊ ယူဂန်ဒါ၊ ဂူနီယာ၊ အယ်လ်ဂျီးရီးယားနဲ့လစ်ဗျားတို့ အသီးသီးနိုင်ပွဲရယူနိုင်ခဲ့ကြတာကြောင့် ခြေစစ်ပွဲအုပ်စုပွဲစဉ်တွေပြီးဆုံးခါနီးတဲ့အသင်းတွေအတွက် ပြိုင်ဆိုင်မှုတွေ ပြင်းထန်နေဆဲဖြစ်ပါတယ်။ ဒုံပြင် လာမဲ့နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေမှာလဲ စကော့တလန်နဲ့ ဘယ်လာရုစ်၊ နယ်သာလန်နဲ့ ဖင်လန်၊ ဒိန်းမတ်နဲ့ ဂရိတို့လို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ နိုင်ငံအသင်းတွေ တွေ့ဆုံနေတာကြောင့် ပရိသတ်စိတ်ဝင်စားမှုရှိလာနိုင်တဲ့ စောင့်ကြည့်သင့်တဲ့နိုင်ငံတကာပွဲစဉ်တွေဖြစ်လာနိုင်ပါတယ်။

ဒိန်းမတ်အသင်းကို အားပေးရမှာပါ

ဒိန်းမတ်အသင်းနဲ့ဂရိအသင်းဟာ ခြေစစ်ပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိအုပ်စုအဆင့် ရပ်တည်မှုအရ ဒိန်းမတ်အသင်းက အဆင့်(၁)နဲ့ ဂရိအသင်းက အဆင့်(၃)နေရာမှာ ရပ်တည်နေကြပါတယ်။ အုပ်စုတွင်းအသင်းတွေအနေနဲ့ စကော့တလန်၊ ဘယ်လာရုစ်တို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် လက်ရှိခြေစွမ်းပိုင်းအသာရနေတဲ့ ဒိန်းမတ်အသင်းက ခြေစစ်ပွဲအောင်မြင်ဖို့ ရာခိုင်နှုန်းများနေတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ ပွဲစဉ်သုံးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိထားပြီး နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလဲ ဘယ်လာရုစ်အသင်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရယူထားနိုင်တာကို တွေ့ရပါတယ်။ ဒုံပြင် ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာလဲ စကော့တလန်အသင်းကိုသာ ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး မြောက်အိုင်ယာလန်၊ လစ်သူရေးနီးယားတို့နဲ့ခြေစမ်းပွဲစဉ်မှာ အနိုင်၊ ဂရိအသင်းကို ပထမအကျော့အဝေးကွင်းပွဲစဉ်မှာ သုံးဂိုးပြတ်အနိုင်ရရှိထားတာကြောင့် သူတို့အသင်းရဲ့ အသင်းလိုက်စွမ်းဆောင်ရည်နဲ့ ကစားသမားစုဖွဲ့မှုပိုင်းအကောင်းဆုံးအနေအထားမှာရှိနေတယ်လို့ ဆိုရမှာပါ။

ကမ္ဘာ့အဆင့်(၄၀)မှာရှိတဲ့ ဂရိအသင်းကတော့ အုပ်စုတွင်း ဒုတိယထိပ်တန်းအဆင့်ရှိတဲ့အသင်းပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ခြေစစ်ပွဲစဉ် သုံးပွဲကစားထားရာမှာ တစ်ပွဲသာအနိုင်ရထားပြီး နှစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ နောက်ဆုံးပွဲစဉ်မှာဆိုရင် စကော့တလန်အသင်းကို ဦးဆောင်ဂိုးနဲ့ ယှဉ်ပြိုင်ကစားထားနိုင်ပေမဲ့ ဂိုးသမား တီဇီလာကစ်ရဲ့ အမှားအယွင်းနဲ့ အားနည်းမှုကနေ ဂိုးတွေပြန်လည်ပေးခဲ့ရပြီး သုံးဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ဒါကြောင့် နောက်ဆုံးနှစ်ပွဲဆက်မှာ ဂိုးပြတ်ပွဲစဉ်တွေနဲ့ပဲ ရှုံးနိမ့်ခဲ့တဲ့ဂရိအသင်းအနေနဲ့ အခုပွဲစဉ်မှာ အကောင်းဆုံးပြင်ဆင်လာနိုင်ပါ့မလားဆိုတာ သတိထားစောင့်ကြည့်ရအုံးမှာပါ။ ဒုံပြင် သူတို့အသင်းအနေနဲ့အခုပွဲစဉ်ပြီးရင် စကော့တလန်အသင်းကို အိမ်ကွင်း၊ ဘယ်လာရုစ်အသင်းကို အဝေးကွင်းပွဲစဉ်တွေအဖြစ် သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ရမှတ်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာကြမှာပါ။

ဒီနှစ်သင်း တွေ့ဆုံမှုအနေနဲ့ ဂရိအသင်းရဲ့ အိမ်ကွင်းမှာ ဒိန်းမတ်အသင်းက သုံးဂိုးပြတ်အနိုင်ရထားပါတယ်။ လက်ရှိပွဲစဉ်အခြေအနေအရ ဒိန်းမတ်အသင်းအနေနဲ့လဲ အဆင့်(၂)နေရာက စကော့တလန်အသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် လက်ကျန်ပွဲစဉ်တိုင်းမှာ ရလဒ်ကောင်းဖို့ လိုအပ်သလို ဂရိအသင်းအနေနဲ့လဲ နိုင်ပွဲရဖို့ ရုန်းကန်ကစားလာရအုံးမှာပါ။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းအသာရနေတဲ့ ဒိန်းမတ်အသင်းကိုပဲ အားပေးရမှာပါ။

ဒိန်းမတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဒိန်းမတ်	၂	-	၁	မြောက်အိုင်ယာလန်
ဒိန်းမတ်	၅	-	၀	လစ်သူရေးနီးယား
ဒိန်းမတ်	၀	-	၀	စကော့တလန်
ဂရိ	၀	-	၃	ဒိန်းမတ်
ဘယ်လာရုစ်	၀	-	၆	ဒိန်းမတ်

ဂရိအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဂရိ	၄	-	၁	ဆလိုဗက်ကီးယား
ဂရိ	၄	-	၀	ဘူဂေးရီးယား
ဂရိ	၅	-	၁	ဘယ်လာရုစ်
ဂရိ	၀	-	၃	ဒိန်းမတ်
စကော့တလန်	၃	-	၁	ဂရိ

ဩစတြီးယားအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

ရိုမေးနီးယားနဲ့ ဩစတြီးယားအသင်းတို့ပွဲစဉ်ဟာ ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၈)အဖြစ် ယှဉ်ပြိုင်ကစားကြမှာပါ။ ရိုမေးနီးယားအသင်းအနေနဲ့ ပွဲစဉ်ငါးပွဲယှဉ်ပြိုင်ကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၃)နေရာမှာ ရပ်တည်နေပြီး အဆင့်(၂)နေရာက ဘော့စနီးယားအသင်းနဲ့ ရမှတ်ခြောက်မှတ်ကွာဟနေတာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ အနိုင်ရခဲ့မယ်ဆိုရင်တောင် ဘော့စနီးယားအသင်းရဲ့ ရလဒ်ပိုင်းတွေကို စောင့်ကြည့်ရမဲ့အနေအထားဖြစ်နေပါတယ်။ သူတို့အသင်းအနေနဲ့ ယူအီးအက်ဖ်အေနေးရှင်းလိုဂ်မှာ တိုက်စစ်ပိုင်းထက်မြက်မှုတွေနဲ့ နိုင်ပွဲတွေဖော်ဆောင်ခဲ့သလောက် ခြေစစ်ပွဲစဉ်အပါအဝင် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲမှာတော့ ဆမ်မာရီနို၊ မော်ဒိုဗာနဲ့ ဆိုက်ပရပ်တို့လို အသင်းတွေကိုသာ အနိုင်ကစားထားပြီး ကနေဒါ၊ ဘော့စနီးယား၊ ဩစတြီးယားတို့လိုအသင်းတွေကို ရှုံးနိမ့်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ တိုက်စစ်ပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်တဲ့အသင်းတွေနဲ့တွေ့ဆုံမှုတိုင်းမှာ ခံစစ်ပိုင်းက ကျဆင်းတတ်တယ်ဆိုတာကိုတော့ သတိပြုရမှာပါ။

အုပ်စုအဆင့်(၁)မှာ ရပ်တည်နေတဲ့ ဩစတြီးယားအသင်းအနေနဲ့ ခြေစွမ်းပိုင်းအကောင်းဆုံးအနေအထားမှာရှိနေပြီး ခြေစစ်ပွဲစဉ်ငါးပွဲမှာ ငါးပွဲစလုံးကို ရာနှုန်းပြည့်အနိုင်ရထားကာ သူတို့အသင်းရဲ့တိုက်စစ်ပိုင်းကလဲ ၁၉ ဂိုးထိ သွင်းယူထားနိုင်တာကို တွေ့ရပါတယ်။ ဩစတြီးယားအသင်းဟာ ရမှတ် ၁၅ မှတ်ရရှိထားပြီး လက်ကျန်ပွဲစဉ်တွေမှာ ဆိုက်ပရပ်အသင်းကို အဝေးကွင်း၊ ဘော့စနီးယားအသင်းကို အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် သူတို့အသင်းအနေနဲ့ ခြေစစ်ပွဲ အောင်မြင်ဖို့ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဆမ်မာရီနိုအသင်းနဲ့ပွဲစဉ်မှာဆိုရင် တိုက်စစ်ပိုင်းက ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဘော့စနီးယားအသင်းနဲ့ပထမအကျော့ပွဲစဉ်မှာလဲ နှစ်ဂိုး တစ်ဂိုးနဲ့အနိုင်ရထားတာကြောင့် တိုက်စစ်မျူးအာနူတိုဗစ် ဦးဆောင်တဲ့ ကစားသမားစွမ်းဆောင်ရည်ပိုင်းက အသင်းတိုင်းကို ဖိအားပေးကစားနိုင်စွမ်းရှိနေတာကို တွေ့ရပါတယ်။

လက်ရှိမှာ ရိုမေးနီးယားအသင်းအနေနဲ့ ရမှတ်လိုအပ်ချက်ကြောင့် အိမ်ကွင်းမှာ ဩစတြီးယားအသင်းကို အဘက်ဘက်က ဖိအားပေးကစားလာနိုင်တယ်ဆိုပေမဲ့ သူတို့အသင်းရဲ့ခံစစ်ပိုင်းကျဆင်းနေတာကိုတော့ သတိပြုရမှာပါ။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ပိုင်းမှာ အသာရနေတဲ့ ဩစတြီးယားအသင်း ရလဒ်ကောင်းသွားမှာပါ။

ရိုမေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဩစတြီးယား	၂	-	၁	ရိုမေးနီးယား
ရိုမေးနီးယား	၂	-	၀	ဆိုက်ပရပ်
ရိုမေးနီးယား	၀	-	၃	ကနေဒါ
ဆိုက်ပရပ်	၂	-	၂	ရိုမေးနီးယား
ရိုမေးနီးယား	၂	-	၁	မော်ဒိုဗာ

ဩစတြီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဩစတြီးယား	၂	-	၁	ရိုမေးနီးယား
ဆမ်မာရီနို	၀	-	၄	ဩစတြီးယား
ဩစတြီးယား	၁	-	၀	ဆိုက်ပရပ်
ဘော့စနီးယား	၁	-	၂	ဩစတြီးယား
ဩစတြီးယား	၀	-	၀	ဆမ်မာရီနို

ပိုလန်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်

လစ်သူရေးနီးယားအသင်းနဲ့ ပိုလန်အသင်းတို့ပွဲစဉ်ဟာ ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၈)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် (၁၄၅)သာရှိတဲ့ လစ်သူရေးနီးယားအသင်းအနေနဲ့ ခြေစွမ်းပိုင်းနဲ့ရလဒ်ပိုင်းဆိုးရွားနေပြီး ပြိုင်ပွဲစုံ နောက်ဆုံး ၁၄ ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒုံပြင် အုပ်စုရပ်တည်မှုမှာဆိုရင်လဲ သူတို့အသင်းအနေနဲ့ ပွဲစဉ်ခြောက်ပွဲယှဉ်ပြိုင်ကစားထားပြီး နိုင်ပွဲမရရှိသေးဘဲ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့အဆင့်(၄)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ လက်ကျန်ပွဲစဉ်တွေအရ သူတို့အသင်းအနေနဲ့ ခြေစစ်ပွဲအောင်မြင်ဖို့ မဖြစ်နိုင်တော့သလို အုပ်စုမှာ ထိပ်တန်းပြိုင်ဘက်တွေဖြစ်တဲ့ နယ်သာလန်၊ ပိုလန်၊ ဖင်လန်တို့လို အသင်းတွေနဲ့တွေ့ဆုံတိုင်းလဲ နိုင်ပွဲရဖို့ထက် ဂိုးမပေးရဖို့သာ အဓိကထားကစားနေရတဲ့အသင်းပါ။ ဒုံပြင် သူတို့အသင်းဟာ ပိုလန်အသင်းနဲ့ တွေ့ဆုံတဲ့ပွဲစဉ်တွေမှာလဲ ၂၀၁၁ ခုနှစ်မှာ တွေ့ဆုံတဲ့ ခြေစစ်ပွဲစဉ်မှာ နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ နောက်ပိုင်းတွေ့ဆုံခဲ့တဲ့ ပွဲစဉ်တိုင်းလိုလိုမှာ အသာစီးရယူကစားနိုင်စွမ်းမရှိဘဲ ရှုံးနိမ့်ခဲ့ရပါတယ်။

ပိုလန်အသင်းကတော့ အုပ်စုအဆင့်(၂)နေရာမှာ ရပ်တည်နေပြီး ပွဲစဉ်ငါးပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ အဆင့်(၁)နေရာက နယ်သာလန်အသင်းနဲ့ သုံးမှတ်၊ အဆင့်(၃)နေရာက ဖင်လန်အသင်းနဲ့ ရမှတ်တူအနေအထားမှာရှိတာကြောင့် လက်ကျန်ပွဲစဉ်သုံးပွဲမှာ ရလဒ်ကောင်းပါမှ ခြေစစ်ပွဲ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ပိုလန်အသင်းရဲ့လက်ကျန်ပွဲစဉ်တွေအနေနဲ့ နယ်သာလန်အသင်းကိုသာ ခက်ခက်ခဲခဲကစားရဖွယ်ရှိပြီး လစ်သူရေးနီးယားနဲ့မော်တာအသင်းတို့ရဲ့ပွဲစဉ်မှာတော့ သူတို့အသင်းရလဒ်ကောင်းနိုင်ဖွယ်ရှိနေပါတယ်။ ပြီးခဲ့တဲ့နောက်ဆုံးခြေစမ်းပွဲစဉ်မှာ နယူးဇီလန်လိုအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့တယ်ဆိုပေမဲ့ သူတို့အသင်းရဲ့ တိုက်စစ်ပိုင်းကတော့ ဖင်လန်နဲ့ နယ်သာလန်တို့ပွဲစဉ်တွေမှာတော့ ဖိအားပေးကစားထားနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် အခုလို လစ်သူရေးနီးယားအသင်းနဲ့ ပွဲစဉ်မှာလဲ ရလဒ်ကောင်းအောင် ကြိုးစားကစားလာမှာဖြစ်တာကြောင့် ပိုလန်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

လစ်သူရေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မော်လ်တာ	၀	-	၀	လစ်သူရေးနီးယား
ဒိန်းမတ်	၅	-	၀	လစ်သူရေးနီးယား
လစ်သူရေးနီးယား	၁	-	၁	မော်လ်တာ
လစ်သူရေးနီးယား	၂	-	၃	နယ်သာလန်
ဖင်လန်	၂	-	၁	လစ်သူရေးနီးယား

ပိုလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ပိုလန်	၂	-	၀	မော်ဒိုဗာ
ဖင်လန်	၂	-	၁	ပိုလန်
နယ်သာလန်	၁	-	၁	ပိုလန်
ပိုလန်	၃	-	၁	ဖင်လန်
ပိုလန်	၁	-	၀	နယူးဇီလန်

ဗုဒ္ဓ ဓမ္မ သံဃ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ
ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ရာတွင်ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။
- မဲရလဒ်စာရင်းများ ဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"လွတ်လပ်မျှတ၊ မဲပေးကြ"

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၇၇၉၈၀ စိုက်ပျိုးသွားမည်

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၇၇၉၈၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၃၁၆၀၊ ကနီမြို့နယ်တွင် ဧက ၂၃၉၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၄၀၀၀၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ဧက ၇၇၉၈၀ ဖြစ်ကြောင်း၊ အဆိုပါ နှမ်းစိုက်ပျိုးမှုကို အောက်တိုဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်းဧက ၇၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

အုတ်တွင်းမြို့နယ် ကိုင်းတာကြီးကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

အုတ်တွင်း အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကိုင်းတာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကိုင်းတာကြီးကျေးရွာ၌ ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းမီးလင်းရေးလုပ်ငန်းကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ကိုင်းတာကြီးကျေးရွာ၌ အရည်ပေ ၂၄၀၀ ရှိ ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၂၆ သိန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၆၆၄ ဒသမ ၂၂၈ သိန်း အသုံးပြုပြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဌနှစ် ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**

PURE ARABICA COFFEE

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၀၊ ၀၉ ၃၀၅၂၉၃၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ကောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

တင်ဒါခေါ်ယူခြင်း

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကားငှါးရမ်းခြင်းအတွက် ကားငှါးဝန်ဆောင်မှုလုပ်ငန်းများအား အောက်ပါတင်ဒါအတိုင်း တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမည်	တင်ဒါ	တင်ဒါနောက်ဆုံးရက်
၁။	ကားငှါးရမ်းခြင်းအတွက် ကားငှါးဝန်ဆောင်မှုလုပ်ငန်းများအား ဖိတ်ခေါ်ခြင်း	၃၀.၁၀.၂၀၂၅ (၁၇၃၀ နာရီ)

၂။ စိတ်ဝင်စားသော အေဂျင်စီ/စီးပွားရေး လုပ်ငန်းများအား ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in>Media Room> Tenders မှာ ဝင်ရောက်လေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

Tender Notice

The Consulate General of India Mandalay invites bids for empanelment of agencies for Car Hiring as follows:

S. No.	Tender	Last date of Tender
1.	Expression of Interest for empanelment of agencies for Car Hiring	30.10.2025 (1730 hrs)

2. Interested agencies/firms are requested to visit Consulate's website ww.cgimandalay.gov.in>Media Room >Tenders, for viewing the Notice Inviting Tender (NIT).

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မော်(အရှေ့) အကွက်(၄၂၈)နေ ဦးမောင်ညို နှင့် ဒေါ်မြကြူလွင်တို့၏ သား မောင်ထွန်းဇော်ဦး(၉/မဟမ(နိုင်)၀၇၈၀၀၅)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀၀ကို လုံး၀တာ၀နဉ်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်ညို (၅/ဆလက(နိုင်)၀၅၉၃၃၈)
ဒေါ်မြကြူလွင် (၉/မခန(နိုင်)၁၅၁၈၁၆)

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဦးပြည့်ဖြိုးသူ+ဒေါ်အိဆုမွန်ကျော်တို့၏ သမီး မသူသူ(၁) မခေတ်ဆုလာဘ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မသူသူ(၁)မခေတ်ဆုလာဘ်

ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့ ရပ်ကွက်(၈) နယ်မြေ(၉)နေ မယဉ်ယဉ်ဌေး (ဘ) ဦးကွေချန်း(၁၃/ကမန(နိုင်)၁၅၉၂၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259379119၊ 09-440911118။

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

❖ မိမိတို့သည် ဈေးကွက်တစ်ခုတည်းအား အလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရမည်ဖြစ်...

❖ ကုန်သွယ်ဆက်ဆံရေးများကို ဒေသစုံနှင့် ဖြန့်ကြက်နိုင်စွမ်းမြင့်တင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ်၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)သို့ သွားရောက်၍ အဆောက်အအုံများ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက် ပြီးစီးမှုအခြေအနေများ၊မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာဝင်းအတွင်း အသုံးပြုနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး Solar Plant တည်ဆောက်သွားမည့်အခြေအနေများ၊ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာမျက်နှာ - ၂၁

ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှုဆက်လက်လက်ခံ၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၂

ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ

ဆောင်းပါး

စာမျက်နှာ - ၂၆

Quality For You VEGA ဗီဂျာ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၀၊ ၀၉-၄၀၂၆၃၃၉၆၈၉၊ ၀၉-၃၉၈၅၅၂၆၂၄၉